မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော်၊ ၂၀၀၈ ခုနှစ်၊ မေ ၁၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၂၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

လေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လမ်းညွှန်မှာကြား ရန်ကုန်တိုင်းအတွင်းရှိ ကယ်ဆယ်ရေးစခန်းများ ကြည့်ရှုစစ်ဆေးအားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လှိုင်သာယာကယ်ဆယ်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၏ကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအားပေးရန် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဒဂုံမြို့သစ်(မြောက်ပိုင်း) ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

(၂၀၀၈ ခုနှစ် မေ ၁၉ ရက်)

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်း ပံ့ပိုးကူညီ

သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ၌ ကယ်ဆယ်ရေးလုပ်ငန်းများအားလုံး ထိရောက်လျင်မြန်စွာ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးသွားပြီဖြစ်၍ ကူညီစောင့်ရှောက်မှုလုပ်ငန်းများလည်း လုံလောက်စွာ ပံ့ပိုးဖြည့်ဆည်းပေးထားပြီ ဖြစ်သည်။

မုန်တိုင်းဒဏ်ခံဒေသများရှိ ပြည်သူများကို ပြန်လည်နေရာချထားရေး၊ ပျက်စီးသွားသော နေအိမ်၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် ဌာနဆိုင်ရာ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပူးပေါင်းလုပ်ကိုင်နေကြပြီ ဖြစ်သည်။

ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများ မိမိတို့၏နေရပ်များသို့ ဆန္ဒအရပြန်လိုပါက စနစ်တကျ ပို့ဆောင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ မိမိတို့၏ဆန္ဒအရ နေရပ်အသီးသီးသို့ ပြန်သွားကြသူများအတွက် အဝတ်အထည်၊ မီးဖိုချောင်သုံးပစ္စည်း၊ စားနပ်ရိက္ခာများနှင့် နေထိုင်ရေးကအစ ပြည့်ပြည့်စုံစုံပါရှိအောင် ပံ့ပိုးကူညီပေးလျက်ရှိသည်။

လေဘေး၊ ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာကယ်ဆယ်ရေးစခန်းများကိုလည်း ဖွင့်လှစ်ထားရှိကာ တာဝန်ရှိသူများက စဉ်ဆက်မပြတ် ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။ ဆက်သွယ်ရေးအနေဖြင့် မြို့ပေါ်များသာမက ရွာတန်းကယ်ဆယ်ရေးစခန်းများ အထိပါ အပြန်အလှန်ဆက်သွယ်နိုင်ရန် ဆောင်ရွက်ပေးထားသည်။

ယခုအခါ မိုးရာသီသို့ရောက်စပြုနေပြီဖြစ်ရာ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ထွန်ယက်စိုက်ပျိုးရေး လုပ်ငန်းများကို စက်မှုလယ်ယာဦးစီးဌာနက ပံ့ပိုးကူညီပေးသွားမည် ဖြစ်သည်။ အဆိုပါဒေသ၌ စိုက်ပျိုးရေးနှင့်ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက် လုပ်ငန်းခွင်သုံးပစ္စည်းများ ရရှိရေး ဖြည့်ဆည်းပေးသွားရန် စီစဉ်လျက်ရှိသည်။ သဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးသွားသည့် ကြက်၊ ဘဲ၊ ဝက်၊ ကျွဲ၊ နွား စသည့်တိရစ္ဆာန်များ ပြန်လည်မွေးမြူနိုင်ရေးအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက ထောက်ပံ့ကူညီပေးသွားမည် ဖြစ်သည်။

သို့ဖြစ်ရာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော ဒေသများကို နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက်လည်း လယ်ယာမြေနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင်ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လှိုင်မြို့နယ် ရတနာမွန်အိမ်ရာ ၁၁လမ်း တိုက် ၇ အခန်း၃၀၈နေ ဦးခင်မောင်ရွှေ-ဒေါ်မြမြဝင်းမိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်နှင့် ဦးထွန်းတို့က လက်ခံယူကြသည်။ (အောက်ပုံ)

(က-ပ)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ၁၆ရက်က ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ် ကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၉-၅-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၂၀ ၈။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း -၆၆)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မေးမြန်းစူးစမ်း
၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း-၁၁)

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိအဆောက်အအုံများ ပြုပြင်တည်ဆောက်နေမှု ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းသည် ယမန်နေ့ နံနက်ပိုင်းက ဆောက်လုပ်ရေး လုပ်ငန်းရှင်များက တာဝန်ယူ ပြုပြင်တည်ဆောက်နေသည့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ စာသင်ဆောင်များ၊ သူနာပြုသားဖွားသင်တန်းကျောင်းများ၊ ဆေးရုံကြီးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁) အင်းလျားမြိုင်လမ်းနေ မိခင် ဒေါ်ညိုညိုနှင့် သမီး မနှင်းဖြူလှိုင်တို့၏ မွေးနေ့အထိမ်းအမှတ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ထိုင်းနိုင်ငံမှ အထူးကုဆရာဝန်များ ပါဝင်သော ဆေးကုသရေးအဖွဲ့ ရောက်ရှိ

ရန်ကုန် မေ ၁၈

မုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ ဒေသများမှ ပြည်သူများအား ဆေးဝါးကုသမှု ကူညီဆောင်ရွက်ပေးရန် ထိုင်းနိုင်ငံ ထိုင်းကြက်ခြေနီအသင်းမှ Dr. Pichit Siriwan ခေါင်းဆောင်သည့် အထူးကု ဆရာဝန် ၁၅ဦး၊ စိတ်ရောဂါအထူးကု ဆရာဝန်တစ်ဦး၊ ကူးစက်ရောဂါ အထူးကု ဆရာဝန်တစ်ဦး၊ တိရစ္ဆာန် ဆရာဝန်တစ်ဦးနှင့် သူနာပြု ၁၂ဦး စုစုပေါင်း အင်အား၃၀ရှိ ဆေးကုသရေးအဖွဲ့သည် ယမန်နေ့ မွန်းလွဲ၂နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ C-130 လေယာဉ် နှစ်စင်းဖြင့် ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ထိုင်းနိုင်ငံ ဆေးကုသရေးအဖွဲ့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr.Bansarn Bunnagနှင့် သံရုံးအဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီးဒေါက်တာ နုနုသာ၊ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(ကုသရေး)ဒေါက်တာ ကြီးမြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဆေးဝါးများသယ်ဆောင်လာ

ထိုင်းနိုင်ငံ ဆေးဝါးကုသရေး အဖွဲ့နှင့်အတူ ထိုင်းနိုင်ငံမှ လှူဒါန်းသော ဆေးဝါးပစ္စည်း ၁၀ဒသမ ၄၅ တန်ကိုလည်း သယ်ဆောင်လာကြောင်း သိရသည်။

(သတင်းစဉ်)

မုန်တိုင်းကြောင့်ဖြစ်ပေါ်တတ်သည့် ကူးစက်ရောဂါများထိန်းထားနိုင် ငါးနှစ်အောက်ကလေးများအား ဝက်သက်ကာကွယ်ဆေးထိုးပေးမည်

ရန်ကုန် မေ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဗြိတိန်နိုင်ငံ Foreign Office Minister, Lord Malloch Brown သည် ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ညွှန့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ဗြိတိန်နိုင်ငံ Foreign Office Minister, Lord Malloch Brown နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mark Canning၊ ဗြိတိန်နိုင်ငံ Department for International Development ညွှန်ကြားရေးမှူးချုပ် Ms.Swe Wardell တို့လည်း တက်ရောက်ကြသည်။

သိရှိလို

ထိုသို့တွေ့ဆုံရာတွင် ဗြိတိန်နိုင်ငံ Foreign Office Minister, Lord Malloch Brown က ဗြိတိန်နှင့် မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ကျေနပ်အားရပါကြောင်းနှင့် ယခု ကျန်းမာရေးဝန်ကြီးဌာနနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော 3 Diseases Fund Project က သက်သေထူနေပါကြောင်း၊ မြန်မာနိုင်ငံဒေသအချို့တွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့်ဖြစ်ပေါ်သည့် ကျန်းမာရေးအခြေအနေကို သိရှိလိုပါကြောင်း ပြောကြားသည်။

ကာကွယ်ဆေးထိုး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရသည့် ဒေသများအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရှေ့တန်းစခန်း၁၂ခု၊ အလယ်တန်းစခန်းခြောက်ခုနှင့် နောက်တန်းစခန်းသုံးခု ဖွင့်လှစ်ဆောင်ရွက်နေကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဖြစ်ပေါ်တတ်သော ကူးစက်ရောဂါများကိုလည်း နိုင်နိုင်နင်းနင်း ထိန်းသိမ်းထားပါကြောင်း၊ မကြာမီတွင် မိုးရာသီဝင်ရောက်တော့မည်ဖြစ်ရာ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် စခန်းများမှ မိမိနေအိမ်သို့မပြန်မီ ငါးနှစ်အောက်ကလေးများကို ဝက်သက်ရောဂါကာကွယ်ဆေးများ ထိုးပေးမည်ဖြစ်ကြောင်း အသေးစိတ် ပြန်လည်ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ထို့နောက် ဝန်ကြီးသည် သုံးထပ်ကျေးရွာအုပ်စု ပင်လယ်ဒိန်ကျေးရွာ အသောကာရုံကျောင်းတိုက်သို့ ရောက်ရှိ၍ ဆရာတော် ဘဒ္ဒန္တဝေတာနန္ဒအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်း၊ ရိက္ခာများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဝန်ကြီးသည် ကျေးရွာလေဘေးသင့်ပြည်သူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပေးပို့လှူဒါန်းသည့်ရိက္ခာများ၊ ဆီနှင့် ပစ္စည်းစုံအိတ်များကို ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် ဟောမာန်ကျေးရွာ သီရိမင်္ဂလာကျောင်းတိုက်သို့ ရောက်ရှိပြီး ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍစာရအား ဖူးမြော်ကြည်ညို၍ သင်္ကန်းများ၊ ရိက္ခာနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် လေဘေးသင့် ပြည်သူများအား တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံများမှ ပေးပို့လှူဒါန်းသည့် ရိက္ခာများ၊ ဆီနှင့် ပစ္စည်းစုံအိတ်များကို ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ညနေပိုင်းတွင် ဝန်ကြီးသည် ဘိုကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် လေဘေးသင့် ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး ရိက္ခာများ ဖြန့်ဝေပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားသည်။

မေ ၁၅ ရက် နံနက်ပိုင်းတွင် ဝန်ကြီးသည် ရဟတ်ယာဉ်ဖြင့် ရေနှင့်ရိက္ခာများ သယ်ဆောင်၍ ကျွန်းသာယာကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာရှိ လေဘေးသင့်ပြည်သူများအား ရေနှင့် ရိက္ခာများ ထောက်ပံ့ပြီး အားပေးစကားပြောကြားသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် ဘိုကလေးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား အားပေးစကားပြောကြားသည်။

လက်ခံ

ညပိုင်းတွင် ဝန်ကြီးသည် ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေးစခန်း၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။ အခမ်းအနားတွင် Concorde ကုမ္ပဏီမှ ဦးသန်းဆွေက ဆန်အိတ် တန် ၁၀၀၊ Jewellery Luck ကုမ္ပဏီမှ ဒါရိုက်တာ ဦးအေးထွန်းရွှေက ဆန်အိတ် ၁၀၀၀၊ သရုပ်ဆောင် ထက်အိကလျာက ရေသန့်၊ ရိက္ခာများနှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူတို့ကလက်ခံကြသည်။

သစ်ခွဲသားများ

ဝန်ကြီးသည် မေ၁၆ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့သို့ ရောက်ရှိလာသော သစ်ခွဲသားများ တည်ဆောက်ရေးနေရာများသို့ ပေးပို့နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် ဘိုကလေးမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ဖွင့်လှစ်ထားသည့် လေဘေးကယ်ဆယ်ရေးစခန်းတွင် ကျင်းပသည့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။ အခမ်းအနားတွင် ကုဋေကျော် ဆောက်လုပ်ရေး နည်းပညာကုမ္ပဏီလီမိတက်နှင့်ဦးစီးဂုဏ်ရှင်ကုမ္ပဏီလီမိတက်တို့မှ မန်နေဂျင်းဒါရိုက်တာ ဦးသန့်ဇင်နိုင်နှင့်အဖွဲ့က စုစုပေါင်းငွေကျပ် ၃၉ သိန်းတန်ဖိုးရှိ ဆေးဝါးများ၊ ဆန်၊ ရေသန့်၊ အဝတ်အထည်နှင့် လေးသည်တော်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာမြင့်နှင့်အဖွဲ့က စုစုပေါင်းငွေကျပ် သိန်း ၃၀၀ တန်ဖိုးရှိ ဆန်၊ ဆေးဝါးများ၊ ရေသန့်နှင့် အဝတ်အထည်များကို ရဲထွန်းကုမ္ပဏီ မိသားစုက ငွေကျပ်သိန်း ၁၅၀ နှင့် စပို့ရှပ်အထည် ၄၀၀၊ ပျားရည်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်ခံသည်။

ဆက်လက်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် မဂ္ဂင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍစရိယ၊ အောင်လှိုင်ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုန္ဒက၊ မဟာဝိသုတာရာမရတနာပုံ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒတို့အား သွားရောက်ဖူးမြော်၍ သစ်သီးများ၊ သင်္ကန်း၊ ထိုင်းဘုရင်မှ လှူဒါန်းသည့် ပစ္စည်းစုံအိတ်နှင့် ဆန်၊ ဆီတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် ဘိုကလေးမြို့ မြို့သစ် ဒေါ်တင်မြဆေးခန်း၌ အလှူရှင် ဦးနိုင်ဦးက လေဘေးဒုက္ခသည်များအား အခမဲ့ဆေးဝါးကုသပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဆေးဝါးကုသနေမှု၊ ဓာတ်ခွဲခန်းများကို ကြည့်ရှုပြီး လူနာများအား အားပေးစကားပြောကြားကာ ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်း ပြန်လည်ပြုပြင်ရန် အလှူငွေကျပ် ရှစ်သိန်းကို ဆက်ကပ်လှူဒါန်းသည်။

လှည့်လည်ကြည့်ရှု

ညပိုင်းတွင် ဝန်ကြီးသည် ဘိုကလေးမြို့ ဘိုးဘွားရိပ်သာသို့ရောက်ရှိပြီး ဘိုးဘွားချမ်းမြေ့မေတ္တာရိပ်သာ၌ ခေတ္တ သီတင်းသုံးတော်မူသည့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ သီတဂူဆရာတော် အရှင်ဒေါက်တာဉာဏိဿရ (D.Litt) (Ph.D)အား သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က လေဘေးသင့်ကျေးရွာများသို့ ဆန်တင်း ၃၀၀၀၊ သွပ်အချပ် ၂၀၀၀ ပေးပို့လှူဒါန်းပြီးစီးမှု၊ ရွာ ၆၂ ရွာရှိ ဘုန်းတော်ကြီးကျောင်းများသို့ အလှူငွေ ကျပ်တစ်သိန်းစီ ပေးပို့လှူဒါန်းမှု၊ ကျေးရွာငါးခုတွင် အခမဲ့ဆေးခန်းငါးခုတည်ဆောက်၍ ဆရာဝန်များ ထားရှိပေးမှုတို့ကို မိန့်ကြားသည်။ ထို့နောက် ဆရာတော်နှင့် ဝန်ကြီးတို့က ဘိုးဘွားရိပ်သာ၌ ဖွင့်လှစ်ထားသည့် ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ဆေးခန်းအတွက် အသုံးပြုရန် အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂ Under Secretary General နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မေ ၁၈

ကုလသမဂ္ဂ Under Secretary General and Emergency Relief Coordinator, H.E. Mr.John Holmes၊ Reginal Coordinator (Designate) Mr.Bishow Parajuli၊ Office of the Coordination of Humanitarian Affair (OCHA, Geneva) မှ Director Mr.Kabisis Rochanakorn နှင့် Special Assistant to Mr.John Holmes ဖြစ်သူMs. Shanya Harris တို့သည် ယနေ့ညနေ ၆နာရီ မိနစ် ၄၀တွင် TG-305 လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါအဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။ **(သတင်းစဉ်)**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ဗြိတိန်နိုင်ငံ Foreign Office Minister, Lord Malloch Brown နှင့်အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

စီမံ/စီးပွားဝန်ကြီး ဦးစိုးသာအား ဗြိတိန်ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် မေ ၁၈

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဗြိတိန်နိုင်ငံ Foreign Office Minister, Lord Malloch Brown ဦးဆောင်သည့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး၊ Department for International Development (DFID) မှ Ms. Sue Wardell ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနတွင် လာရောက်တွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ယင်းသို့ တွေ့ဆုံရာတွင် ဗြိတိန်နိုင်ငံ Foreign Office Minister က မြန်မာနိုင်ငံ မုန်တိုင်းနှင့်ပတ်သက်၍ လက်ရှိအကူအညီပေးနေမှုများ၊ ပြန်လည်ထူထောင်ရေးကာလတွင် ဆက်လက်အကူအညီပေးနိုင်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ဝန်ကြီး ဦးစိုးသာက မုန်တိုင်းကျရောက်သည့်အချိန်တွင် နိုင်ငံတော်က ချက်ချင်းအရေးယူဆောင်ရွက်မှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုများ၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ထူထောင်ရေးလုပ်ငန်းများကို ကူညီမှုများပေးရာတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်း၊ ပြည်ပမှ အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၁၈

မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ယနေ့ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) မုန်တိုင်းဒဏ်သင့် ဒေသပြည်သူများအတွက် အလှူငွေလက်ခံရာဌာန၌ အလှူရှင်များမှ လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်း

လှူဒါန်းကြသော အလှူရှင်များမှာ မသန္တာ(မွေးနေ့အလှူ)၊ ဗဟိုဘဏ်က ကျပ်တစ်သောင်း၊ ဒေါ်ကြင်ရှိန် မိသားစုက ငွေကျပ်တစ်သောင်း၊ ဦးစိုးဝင်း(ဟိုင်ဖိုင်) Soe & Family Co.,Ltd. က ငွေကျပ်ငါးသိန်း၊ မောင်အနန္တက ကျပ်တစ်သိန်း၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီး ဒေါ်ခင်ဝင်း မိသားစုက ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးနိုပ်စောနန္ဒ(ငြိမ်း)နှင့် ဒေါ်နီလာမြင့် မိသားစုက ငွေကျပ်တစ်သိန်း၊ စင်ကာပူနိုင်ငံနေ ကိုမင်းသိန်းထိုက်နှင့် မစေတနာခင်တို့၏ မင်္ဂလာဦး အလှူငွေကျပ် သုံးသိန်းတို့ဖြစ်သည်။

လက်ခံရရှိ

မေ ၁၈ရက်တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၁၁၁၃သမ၂သိန်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

19-5 (03).pmd 1 5/19/2008, 2:28 AM

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

ရန်ကုန် မေ ၁၈

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပြည်သူများအား သွားရောက်တွေ့ဆုံ၍ မုန်တိုင်းဒဏ်ခံခဲ့ရသော နယ်မြေဒေသများတွင် တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပေးပို့ထောက်ပံ့နေမှု၊ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး အားပေးစကား ပြောကြားသည်။

ထောက်ပံ့ပေးအပ်

ရှေးဦးစွာ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက်၉နာရီတွင် ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက် ၄၈လမ်းနှင့် ၄၉လမ်းကြား မဟာဗန္ဓုလလမ်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမဆောင်၌ ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၈)ရပ်ကွက်၊ အမှတ်(၉)ရပ်ကွက်နှင့် အမှတ်(၁၀)ရပ်ကွက် စသည့် ရပ်ကွက် ငါးခုမှ လေဘေးသင့် ပြည်သူများအား လည်းကောင်း၊ နံနက် ၁၀နာရီတွင် ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက် ညောင်တန်းလမ်းရှိ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ အမှတ်(၃/၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက် စသည့် ရပ်ကွက်ငါးခုတို့မှ လေဘေးသင့် ပြည်သူများအားတွေ့ဆုံ၍ နိုင်ငံတော်အစိုးရအနေဖြင့် ကယ်ဆယ်ရေး၊ စောင့်ရှောက်ထောက်ပံ့ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အမျိုးသားအဆင့်အဖြစ် သတ်မှတ် ဆောင်ရွက်နေမှု၊ မုန်တိုင်းတိုက်ခတ်ပြီး အသက်ရှင်ကျန်ခဲ့သော ပြည်သူများကို ဆက်လက် အသက်ရှင်သန်ရပ်တည်နေထိုင်နိုင်အောင် နိုင်ငံတော်အစိုးရ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်တို့၏ အားများဖြင့် ဝိုင်းဝန်းပူးပေါင်း၍ တက်ညီလက်ညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေမှု၊ မုန်တိုင်းဒဏ်ခံခဲ့ရပြီးနောက် ဒေသခံပြည်သူများအား မုန်တိုင်းမတိုက်မီအခြေအနေက အတိုင်းဖြစ်အောင် အချိန်တိုအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရန်ကုန်မြို့နေ ပြည်သူများအတွက်လည်း ယခင်ကအတိုင်း ပုံမှန်သွားလာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေထိုင်နိုင်ရန် နိုင်ငံတော်အစိုးရက ရက်သတ္တပတ်တစ်ပတ်ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ရေကောင်းရေသန့်အသုံးပြုနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးစသည့် လုပ်ငန်းများကို အမြန်ဆုံး ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး အားပေးစကားပြောကြားပြီး ဆန်နှင့် ကယ်ဆယ်ရေးပစ္စည်းများကို လေဘေးသင့် ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

နှုတ်ဆက်အားပေး

ထို့နောက် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။

(သတင်းစဉ်)

အားပေးစကားပြောကြား

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုဇွန်တောင်မြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား တွေ့ဆုံ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) လေဘေးကူညီရန် နှိုးဆော်

ရန်ကုန် မေ ၁၈

လေဘေးသင့် ဒေးဒရဲမြို့နယ်သူ မြို့နယ်သားများအား ကူညီပံ့ပိုးနိုင်ရန်အတွက် ရန်ကုန်ရောက် အသင်းသားများအားလုံးနှင့် အခြား ပါဝင်လှူဒါန်းလိုသူ စေတနာရှင်များအနေဖြင့် အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင် လှူဒါန်းကြရန် နှိုးဆော်ထားသည်။

လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)သို့ လည်းကောင်း ဥက္ကဋ္ဌ ဦးသန်းတင် ဖုန်း-၀၉-၈၀၂၀၁၆၇၊ ဦးထိုင်ရွှေ ဖုန်း-၃၉၁၂၆၅၊ ဦးစိုးသိန်း ဖုန်း-၀၉-၅၁၃၆၇၉၈၊ ဦးဇော်လွင် ဖုန်း-၀၉-၈၀၃၁၇၄၈၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၀၄၂၂၈၃၊ ဒေါ်ခင်ရီ ဖုန်း-၀၉-၉၈၂၂၄၃၃ နှင့် ဒေါ်ခင်စောလှ ဖုန်း-၀၉-၅၁၂၈၄၆၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မူးယစ်ကင်းစင် အလှဆင်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ ချုပ်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အထူးကုဆရာဝန်အဖွဲ့ လေဘေးသင့်ပြည်သူများအား ဆေးကုသမှုပေး

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဒေါက်တာဒေါ်ခင်ဆန်းနွယ် ဦးဆောင်သော အထူးကုဆရာဝန်အဖွဲ့သည် မေ ၁၇ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် လက်ခိုက်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၌ လေဘေးသင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးကုသမှုများ သွားရောက် ဆောင်ရွက်ပေးကြသည်။

လိုက်ပါ

အဆိုပါ ဆေးကုသပေးရာသို့ ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့်အတူ မျက်စိအထူးကုဆရာဝန် ဒေါက်တာဒေါ်နီလာသိန်းနှင့် ဒေါက်တာဒေါ်ချောဝေလွင်၊ သမားတော် ဒေါက်တာဒေါ်အေးအေးကြီး၊ ကလေးအထူးကုဆရာဝန် ဒေါက်တာဒေါ်ယုဇနစောမြင့်နှင့် ဒေါက်တာဒေါ်မေဆုဟန်၊ အထွေထွေရောဂါကု ဆရာဝန် ဒေါက်တာဒေါ်နွယ်နွယ်လှိုင်နှင့် ဒေါက်တာဒေါ်ဥမ္မာဆွေ၊ အလုပ်သမားဆေးရုံမှ ဒေါက်တာတင့်နိုင်နှင့် ဒေါက်တာအေးဝင်းမြင့်ဖြိုး၊ ဆေးတက္ကသိုလ်(၁)နှင့် မကွေးဆေးတက္ကသိုလ်တို့မှ ဆရာဝန်များနှင့် ကျောင်းသားများ စုစုပေါင်း ၁၅ဦးနှင့် ရန်ကုန်မြို့ ကန်တော်ကြီး ပုလဲကျန်းမာရေးမိသားစု စေတနာရှင် အလှူရှင်များလိုက်ပါသွားကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဒေါက်တာဒေါ်ခင်ဆန်းနွယ် ဦးဆောင်သော ပုလဲကျန်းမာရေး မိသားစုအဖွဲ့က လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် ဆန်၊ ရေသန့်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်၊ ဆပ်ပြာမှုန့်၊ ငါးသေတ္တာ၊ အသင့်စား ခေါက်ဆွဲခြောက်နှင့် မုန့်မျိုးစုံတို့ကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းထံသို့ ပေးအပ်လှူဒါန်းကြသည်။

ဆေးကုသ

အဆိုပါ အထူးကုဆရာဝန်အဖွဲ့သည် လေဘေးသင့်ပြည်သူများအား တစ်နေကုန် ဆေးကုသပေးရာ လေဘေးသင့် လူနာဝေဒနာရှင် ၁၆၅ဦးတို့ လာရောက် ဆေးကုသခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၉)ဖြန့်ချိ

ရန်ကုန် မေ ၁၈

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၉)တွင် ပြည်ပအလုပ်အကိုင်တွေ ဘယ်လိုပုံစံနဲ့ရှာဖွေမလဲ၊ မြစ်ဝကျွန်းပေါ်ဒေသတွင် UNDP မှ လူအင်အား၊ ပစ္စည်းအပါအဝင် အကူအညီများ ဆက်လက်တိုးမြှင့်ထောက်ပံ့၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် တည်ဆောက်ရေးတို့အတွက် တင်သွင်းမည့် ကုန်ပစ္စည်းများကို သွင်းကုန်လိုင်စင်အဆင့် သုံးဆင့်ခွဲခြား၍ နေ့ချင်းပြီးဆောင်ရွက်ပေးနေ၊ ထားဝယ်မြို့ ပင်လယ်ရေနက်ပိုင်း ဆိပ်ကမ်းစီမံကိန်းအတွက် ထိုင်းက အကူအညီပေးရန် ကမ်းလှမ်း၊ ရွှေတိဂုံစေတီရင်ပြင်တော် ရှင်းလင်းရေး လုပ်အားကုသိုလ်ပြုနိုင်၊ ရာသီဥတုပြောင်းလဲမှုက လူ့ကျန်းမာရေးနှင့် ဘဝလုံခြုံမှုကို ခြိမ်းခြောက်လာနေ၊ မသန့်ရှင်းသည့် ရေသန့်ဘူးများကြောင့် ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ထောက်ခံမဲ ၉၂ရာခိုင်နှုန်းကျော်ရရှိထား စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ သက်သေအဖြစ်ထားသော စာတမ်းအမှတ်အသားများ လျှို့ဝှက်ထားလျှင် ထောင်ဒဏ်နှစ်နှစ်၊ ပြည်ထောင်စုနိုင်ငံတော် ဒဂ်ါးအတုပြုလုပ်လျှင် ထောင်တစ်သက်တစ်ကျွန်း(သို့မဟုတ်) ၁၀နှစ် ပြစ်ဒဏ်ခံရမည် ဥပဒေရေးရာကဏ္ဍ၊ ထိန်းညှိပေးရန်လိုအပ်နေသည့် အလုပ်ရှာဖွေရေးကုမ္ပဏီများနှင့် ရွှေ့ပြောင်းလုပ်သားများ စသည့် ရှုမြင်သုံးသပ် ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

ဖြန့်ချိ

ရာအုးလ်ကက်စထရို၏ ဖြည်းဖြည်းနှင့် မှန်မှန်လှမ်းနေသည့် ကျူးဘားနိုင်ငံ ပြုပြင်ပြောင်းလဲရေးအခြေအနေများ၊ နိုင်ငံတကာ သုံးသပ်ဆောင်းပါးနှင့်အတူ နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုစာချုပ် ရုရှားနှင့် အမေရိကန်တို့ ချုပ်ဆိုနိုင်ခဲ့ပြီး နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေး မီဒီယာလှုပ်ရှားမှုဆင်နွှဲရန် ကိုရီးယား တောင်မြောက်သတင်းစာဆရာများ တိုက်တွန်း၊ ညဏ်အားသုံးရသော အလုပ်ကို လုပ်ကိုင်သူများသည် အငြိမ်းစားဘဝတွင် သိမြင်တတ်မှုစွမ်းရည် အကျိုးတရားများရရှိ၊ ဗြိတိသျှ ကမ္ဘာ့လှည့်ခရီးသွားတို့၏ နိုင်ငံကူးလက်မှတ်စာအုပ်တွင် ဥရောပသမဂ္ဂတံဆိပ် ပါရှိရန်လို၊ တရုတ်တွင် ပြင်းအားကြီးငလျင်တစ်ခု လှုပ်ခတ်လူပေါင်း နှစ်သောင်းနီးပါး အသက်ဆုံးရှုံးခဲ့၊ ဂျက်လေယာဉ်ကြီးများ တည်ဆောက်မှုကုမ္ပဏီ တရုတ်တည်ထောင်၊ တစ်နာရီ မိုင်၈၀ နှုန်းဖြင့် မောင်းနှင်နိုင်သောကား အမေရိကန်တွင် ရောင်းချတော့မည် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်သင့် ဆရာ ဆရာမများအား အထက(၁) လသာ ပံ့ပိုးကူညီမည်

ရန်ကုန် မေ ၁၈

မေ ၂ရက်နှင့် ၃ရက်တို့တွင် တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်သင့် အထက(၁) လသာ(စင်ထရယ်)၌ ၁၉၆၅ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ကျန်းမာရေးနှင့် ကူညီစောင့်ရှောက်ရေးအဖွဲ့က ပံ့ပိုးကူညီ လှူဒါန်းမှုပြုလုပ်မည်ဖြစ်ရာ ဆရာ ဆရာမများ အမြန်ဆက်သွယ်ရန်နှင့် လှူဒါန်းလိုသူ ကျောင်းသားကျောင်းသူဟောင်းများသည် ဖုန်း-၀၉-၉၈၂၆၁၈၅၊ ၀၉-၅၁၇၈၄၃၉၊ ၀၁-၂၄၅၃၀၈၊ ၀၉-၉၈၂၅၈၃၁၊ ၀၉-၅၁၇၈၂၃၅ နှင့် ၀၉-၅၀၀၉၃၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

လေဘေးသင့်ပြည်သူများအတွက် ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၁၈

လေဘေးသင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ ဆက်လက်လှူဒါန်းလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Tran Van Tung နှင့် အလှူရှင် Dong A (Money Transfer) မှ Deputy Director ဖြစ်သူ Mr. Tran Huu Tai, Vietnam Relief Effort, The Vietnames Buddhist Family တို့မှ Thien Le, Tran Nhat Minh and Sister Dieu Hieu နှင့်အဖွဲ့တို့က အမေရိကန်ဒေါ်လာ ၂၇၀၀၀ တန်ဖိုးရှိ ဆန်၊ စားသုံးဆီ၊ ဆေးဝါးနှင့် အသင့်စား ခေါက်ဆွဲခြောက်ထုပ်များကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် မေ ၁၈

(မြန်မာစံတော်ချိန် နံနက် ၆နာရီထုတ်ပြန်ချက်)

ယနေ့နံနက် မြန်မာစံတော်ချိန် ၅နာရီ မိုးလေဝသဂြိုဟ်တုမှ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ရခိုင်ပြည်နယ်ပေါ်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ လေကြောင်းခရီးဖြင့် အဆက်မပြတ်ရောက်ရှိ

ရန်ကုန် မေ ၁၈

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ နေ့စဉ်ပေးပို့လှူဒါန်းလျက်ရှိရာ မေ ၈ရက်မှစ၍ မေ ၁၇ ရက်အထိ အလှူရှင်နိုင်ငံ ၁၈ နိုင်ငံက လှူဒါန်းထားသော ပစ္စည်းများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်ခေါက်ရေ ၅၇ ခေါက်ဖြင့် သယ်ယူပေးပို့ခဲ့ပြီးဖြစ်သည်။ ရက်အလိုက် သယ်ယူပေးပို့ခဲ့သည့် အလှူရှင်နိုင်ငံများ၏ လေယာဉ်အမျိုးအစား၊ ကုန်ပစ္စည်းအမျိုးအစားနှင့် ကုန်တန်ချိန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	အလှူရှင်နိုင်ငံ	ရက်စွဲ	လေယာဉ်အမျိုးအစား	ကုန်ပစ္စည်းအမျိုးအစား	ကုန်တန်ချိန်
၁	ထိုင်း	၁၅-၅-၂၀၀၈	C-130	အစားအစာ၊လူသုံးကုန်၊ဓာတ်ဆားရည်	၁၃·၅၇
		၁၅-၅-၂၀၀၈	,,	စားသောက်ကုန်	၁၃·၅၄
		၁၅-၅-၂၀၀၈	,,	စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများ	၁၃·၈၁
		၁၆-၅-၂၀၀၈	,,	ရေသန့်ဘူး၊ စားသောက်ကုန်၊ ရော်ဘာမော်တော်ဘုတ်	၁၁·၈
		၁၆-၅-၂၀၀၈	,,	ခြင်ထောင်၊ အစားအစာ၊ ကယ်ဆယ်ရေးပစ္စည်း	၁၃·၆၃
		၁၆-၅-၂၀၀၈	,,	ဆေးဝါး၊ ဆန်၊ လက်အိတ်၊ စောင်	၁၄
		၁၇-၅-၂၀၀၈	,,	ဆေးနှင့်အစားအစာ	၁၂·၂၂
၂	အိန္ဒိယ	၁၇-၅-၂၀၀၈	C-130	ဆေးပစ္စည်း၊ လူသုံးကုန်၊ စားသောက်ကုန်	၁၅
၃	ကမ္ဘောဒီးယား	၁၇-၅-၂၀၀၈	AN-12	အစားအစာ	၁၈
၄	ပါကစ္စတန်	၁၁-၅-၂၀၀၈	C-130	ရွက်ဖျင်တဲ၊ ခြင်ထောင်၊ ပလတ်စတစ်၊	၂·၂၅
		၁၁-၅-၂၀၀၈	C-130	ဆေးဝါး၊ ရွက်ဖျင်တဲ၊ ခြင်ထောင်	၂·၂၅
၅	ဂျပန်	၁၁-၅-၂၀၀၈	B 727-200	ရွက်ဖျင်တဲ၊ အိပ်ရာခင်း၊ စောင်	၁၆·၇၆
၆	ယူကရိန်း	၈-၅-၂၀၀၈	AN-26	အစားအစာ၊ ရေ	၅·၅
		၁၁-၅-၂၀၀၈	AN-26	အစားအစာ၊ ရေ	၅·၄
		၁၇-၅-၂၀၀၈	AN-12	အဝတ်အထည်၊ စောင်၊ ပလတ်စတစ်	၃၅·၀၆
၇	သီရိလင်္ကာ	၁၀-၅-၂၀၀၈	DC-8	ဆေး၊ အစားအစာ	၃၁·၅
၈	ကာဇက်စတန်	၁၀-၅-၂၀၀၈	IL-76	အစားအစာ	၄၀
၉	ယူအေအီး	၁၁-၅-၂၀၀၈	B 747-200	ဆောက်လုပ်ရေးပစ္စည်း	၆၁·၅
		၁၄-၅-၂၀၀၈	IL-76	မိုးကာ၊ ရွက်ဖျင်လိပ်	၂၆·၁၅
		၁၄-၅-၂၀၀၈	DC-8	ချည်စောင်	၃၁
		၁၅-၅-၂၀၀၈	IL-76	အစားအစာ၊ ဆေး၊ တဲ၊ စောင်၊	၃၆·၃၃
		၁၆-၅-၂၀၀၈	DC-8	ဆောက်လုပ်ရေး၊ မီးဖိုချောင်ပစ္စည်း	၂၇·၀၆
၁၀	ဂရိ	၁၁-၅-၂၀၀၈	C-130	ရွက်ဖျင်တဲ၊ ဆေးဝါး၊ စောင်	၁၃·၁၈
		၁၂-၅-၂၀၀၈	C-130	ရွက်ဖျင်တဲ၊ ဆေးဝါး၊ အစားအစာ	၁၁·၁၆
၁၁	အမေရိကန်	၁၂-၅-၂၀၀၈	C-130	ရေသန့်ဘူး၊ ခြင်ထောင်၊ စောင်	၁၂·၆
		၁၃-၅-၂၀၀၈	KC-130	ရေသန့်၊ ခြင်ထောင်၊ စောင်	၉
		၁၃-၅-၂၀၀၈	KC-130	ရေသန့်၊ စောင်၊ ပလတ်စတစ်	၁၁·၆၁
		၁၄-၅-၂၀၀၈	C-130	ရေသန့်ဘူး	၁၁
		၁၄-၅-၂၀၀၈	C-130	ရေထည့်အိတ်၊ ပလတ်စတစ် အမိုးပြား၊ ကျန်းမာရေးသုံးပစ္စည်း	၁၂·၈
		၁၄-၅-၂၀၀၈	C-130	အစားအစာ၊ ပလတ်စတစ်အခင်း ဆေး၊	၁၁·၈
		၁၄-၅-၂၀၀၈	C-130	ရေသန့်ဘူး	၁၁·၆၃
		၁၄-၅-၂၀၀၈	C-130	အစားအစာ၊ ပလတ်စတစ်အခင်း ရေထည့်အိတ်၊ ဆေးသေတ္တာ	၁၀·၃၁
		၁၄-၅-၂၀၀၈	C-130	စားသောက်ကုန်၊ ပလတ်စတစ် အခင်း၊ မိသားစုသုံးဆေးသေတ္တာ	၁၁·၀၈
		၁၄-၅-၂၀၀၈	C-130	စားသောက်ကုန်၊ ပလတ်စတစ် အခင်း၊ ဆေး	၁၁·၅
		၁၅-၅-၂၀၀၈	AN-12	ရေသန့်စက်၊ ဆေးစိမ်ခြင်ထောင် ပလတ်စတစ်အခင်း၊ စောင်၊ အဝတ်အထည်	၁၂·၅
		၁၅-၅-၂၀၀၈	C-130	သောက်ရေ၊ အစားအစာ အခင်း၊ ဆေး	၇·၂၄
		၁၅-၅-၂၀၀၈	C-130	ရေသန့်ဘူး၊ စောင်၊ ပဲနို့ရည်	၄·၈၂
		၁၅-၅-၂၀၀၈	C-130	ရေဘူး၊ ကျန်းမာရေးသုံးပစ္စည်း၊ တာပေါ်လင်	၁၁·၉၇
		၁၅-၅-၂၀၀၈	C-130	တာပေါ်လင်၊မိသားစုသုံးဆေးသေတ္တာ	၁၃·၂၆
		၁၅-၅-၂၀၀၈	C-130	ရေသန့်၊ စောင်	၉·၆
		၁၆-၅-၂၀၀၈	C-130	ပလတ်စတစ်၊ ရေသန့်စင်သုံးပစ္စည်း၊ ရေသန့်ဘူး	၁၁·၂၂
		၁၆-၅-၂၀၀၈	C-130	ပလတ်စတစ်၊ ရေသန့်စင်သုံးပစ္စည်း၊ ရေသန့်ဘူး	၁၁·၂၂
		၁၇-၅-၂၀၀၈	C-130	ပဲနို့၊ ဆေးသေတ္တာ	၁၂·၀၂
		၁၇-၅-၂၀၀၈	C-130	ပလတ်စတစ်ပြား၊ ကျန်းမာရေးသုံး ပစ္စည်း၊ ရေသန့်	၁၁·၂၂
		၁၇-၅-၂၀၀၈	C-130	ရေသန့်ဘူးများ	၁၀·၅၅
		၁၇-၅-၂၀၀၈	C-130	ရေသန့်၊ စောင်	၉·၄၅
၁၂	အီတလီ	၈-၅-၂၀၀၈	A 300-600	အစားအစာ၊ ရေသန့်စက်	၂·၆
၁၃	ဟော်လန်	၁၃-၅-၂၀၀၈	DC-8	ရွက်ဖျင်တဲ၊ စောင်၊ ခြင်ထောင်၊ ဆေး၊ စက်သုံးဆီ၊ ရေနှင့် မိလ္လာ	၃၈·၈
၁၄	ဩစတြေးလျ	၁၃-၅-၂၀၀၈	C-17	ရွက်ဖျင်တဲ၊ ရေသန့်၊ ဆေးဝါး၊ စောင်၊ ဆပ်ပြာအိတ်	၃၂
၁၅	ရုရှား	၉-၅-၂၀၀၈	IL-76	ဆေးဝါး၊ အစားအစာ	၃၉·၉
		၁၀-၅-၂၀၀၈	IL-76	ရွက်ဖျင်တဲ၊ ဆေးဝါး၊ စောင်	၃၃
		၁၂-၅-၂၀၀၈	IL-76	အစားအစာ	၃၀
၁၆	ဆွီဒင်	၁၄-၅-၂၀၀၈	AN-12	ရွက်ဖျင်တဲ၊ တာပေါ်လင်၊ စောင်	၁၄·၃၈
၁၇	ဗြိတိန်	၁၆-၅-၂၀၀၈	IL-76	ပလတ်စတစ်အခင်း	၃၉·၆၂
		၁၇-၅-၂၀၀၈	IL-76	ပလတ်စတစ်အခင်း	၃၀
၁၈	စကော့တလန်	၁၆-၅-၂၀၀၈	DC-10	အရေးပေါ်အသုံးအဆောင်ပစ္စည်းများ ထည့်ထားသောပုံး	၅၅
		၁၇-၅-၂၀၀၈	DC-10	ရော်ဘာလှေ၁၄စင်းနှင့် ဆက်စပ်ပစ္စည်း	၁၆·၉၈

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၁၈

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ အမေရိကန်ပြည်ထောင်စုရှိ လူမှုရေးအသင်းအဖွဲ့မှ ဆေးဝါးမျိုးစုံ ပါကင်၃၀ တန်ချိန် ၁၃ ဒသမ၆တန်သည် AN-12 လေယာဉ်ဖြင့် ယနေ့နံနက် ၇နာရီခွဲတွင် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ ကြက်ခြေနီအဖွဲ့မှ Shelter Box ၃၄လုံး၊ အရေးပေါ် အသက်ကယ်ပစ္စည်းမျိုးစုံ ၁၁၇မျိုး စုစုပေါင်း လေးတန်ကျော်သည် TG- 303 လေယာဉ်ဖြင့် နံနက် ၈နာရီ မိနစ် ၅၀တွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ ICRC မှ ခြင်ထောင်များ၊ စောင်များ၊ ပလတ်စတစ်ပစ္စည်းမျိုးစုံ ၁၇၄၆ထုပ်၊ အသက်ကယ်ပစ္စည်းမျိုးစုံ ပါကင် ၆၀၀ စုစုပေါင်း တန်ချိန် ၄၃တန်ကျော်သည် MH-740 နှင့် A-300 လေယာဉ် နှစ်စင်းဖြင့် နံနက်၁၁နာရီ ၅မိနစ်နှင့် ၁၁နာရီ ၁၀မိနစ် တို့တွင်လည်းကောင်း၊အမေရိကန်ပြည်ထောင်စုမှ ခြင်ထောင်များ၊ ပဲနို့ရည်များ၊ ပလတ်စတစ်စများ၊ ရေသန့်ဘူးများ၊ ကျန်းမာရေးသုံးပစ္စည်းများ စုစုပေါင်း ၅၂တန်ကျော်သည် C-130 လေယာဉ်ငါးစင်းဖြင့် မွန်းလွဲ၂နာရီ၊ ၂နာရီ မိနစ် ၄၀၊ ၂နာရီ ၅၅မိနစ်၊ ညနေ ၃နာရီ ၅၅မိနစ်နှင့် ၄နာရီခွဲ တို့တွင် လည်းကောင်း၊ ကနေဒါနိုင်ငံကြက်ခြေနီအဖွဲ့မှ Shelter Kits နှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၁၅တန်ကျော်သည် AN-12 လေယာဉ်ဖြင့် ညနေ ၃နာရီ ၄၅မိနစ်တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသောပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ မုန်တိုင်းဒဏ် ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်း ဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်းသင့် ဒေသများအတွက် ထိုင်းနိုင်ငံအခြေစိုက် ဘမ်ရွန်ဂရက်ဆေးရုံကြီးမှလှူဒါန်းသည့် အမေရိကန်ဒေါ်လာတစ်သိန်းတန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် ဘမ်ရွန်ဂရက်ဆေးရုံ ဥာနေကိုယ်စားလှယ် ဒေါက်တာမိုးဉာဏ်ကျော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စေတနာရှင်အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၁၈

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်မှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင် ပြည်သူများက ငွေကျပ် ၂၄၆၈၀၀၀နှင့် ငွေကျပ် ၂၈၆၃၁၅၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်မှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၂၅၇၁၈၀၀၀နှင့် ငွေကျပ် ၁၈၄၁၅၇၀၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၆၅၀၁၆၀၀တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ စစ်ကိုင်းတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၁၃၆၄၃၀၀၊ မန္တလေးတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ် ၂၁၃၂၀၀၀၀တန်ဖိုးရှိ ဆန်အိတ် ၆၀၀နှင့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်း ငွေကျပ် ၁၁၂၀၀၀၀အပါအဝင် စေတနာရှင်အလှူရှင်များ၏ ယနေ့လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၉၉၇၇၀၇၅၀ဖြစ်ပြီး မေ ၁၈ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၇၈၀၈၈၄၂၀၅၅ကျပ်ရှိပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သာသနိကအဆောက်အအုံများပြန်လည်ပြုပြင်မွမ်းမံ

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုရှိသော သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်မွမ်းမံနေမှုကို လှည့်လည်ကြည့်ရှုစဉ်။

(သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဖူးမြော်ကြည်ညို မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်မွမ်းမံနေမှုကြည့်ရှု

ရန်ကုန် မေ ၁၈

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၁၁နာရီတွင် ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုရှိသော သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်မွမ်းမံနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

စနစ်တကျပြန်လည်ပြုပြင်

ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဝင်းအောင်က မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော သာသနိကအဆောက်အအုံများ၏ အခြေအနေများအား လိုက်လံရှင်းလင်းပြသရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျွမ်းကျင်သူပညာရှင်များဖြင့် စနစ်တကျ ပြန်လည်ပြုပြင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

(၂၀၀၈ခုနှစ် မေ ၁၈ရက် မွန်းလွဲ၂နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ် ။ ။ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၉ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၀ဒသမ ၄၀လက်မ၊ လောင်းလုံမြို့တွင် ၃ဒသမ ၄၆လက်မ၊ ပုသိမ်မြို့တွင် ၂ဒသမ ၉၉လက်မ၊ ပခုက္ကူမြို့တွင် ၂ဒသမ၄၄လက်မ၊ ထားဝယ်မြို့၊ မော်လမြိုင်မြို့နှင့် ရေးမြို့တို့တွင် ၂ ဒသမ ၃၆လက်မစီ၊ ဂွမြို့တွင် ၂ဒသမ၁၇လက်မ၊ ပင်လောင်းမြို့တွင် ၂ဒသမ၀၅လက်မ၊ မောင်တောမြို့တွင် ၁ဒသမ၆၅လက်မ၊ သီပေါမြို့နှင့် မိုးကုတ်မြို့တို့တွင် ၁ဒသမ၁၄လက်မစီ၊ ကန့်ဘလူမြို့နှင့် မန္တလေးမြို့တို့တွင် ၀ဒသမ၉၄လက်မစီ၊ ပြင်ဦးလွင်မြို့တွင် ၀ဒသမ ၉၀လက်မ၊ စစ်ကိုင်းမြို့နှင့် ကျောက်ဆည်မြို့တို့တွင် ၀ဒသမ၆၇လက်မစီနှင့် မြင်းခြံမြို့တို့တွင် ၀ဒသမ၆၃လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၁၉ရက် ညနေအထိ ခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မေ ၁၉ရက် ညနေအထိခန့်မှန်းချက်။

မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မေ၁၉ရက် ညနေအထိခန့်မှန်းချက်။

မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ၁၉ရက် ညနေအထိခန့်မှန်းချက်။

မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၃၀ဒသမ ၁ဒီဂရီစင်တီဂရိတ်	(၈၆ဒီဂရီဖာရင်ဟိုက်)	၁၇-၅-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၁ဒသမ ၀ဒီဂရီစင်တီဂရိတ်	(၇၀ဒီဂရီဖာရင်ဟိုက်)	၁၈-၅-၂၀၀၈
နံနက် ၉ နာရီခွဲ စိုထိုင်းဆ	၉၇ရာခိုင်နှုန်း		၁၈-၅-၂၀၀၈
နေပူသည့် နာရီပေါင်း	၂ဒသမ ၂နာရီခန့်		၁၇-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၈-၅-၂၀၀၈	၁၁ မမ(၀ ဒသမ ၄၃လက်မ)	၉ မမ(၀ ဒသမ ၃၅လက်မ)	၁၂မမ(၀ ဒသမ ၄၈လက်မ)
၁-၁-၂၀၀၈မှယနေ့အထိ	၆၀၂မမ(၂၃ ဒသမ၇၀လက်မ)	၇၀၇မမ(၂၇ဒသမ၈၃လက်မ)	၇၆၈မမ(၃၀ဒသမ၂၄လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ မေ ၁၇ရက် ညနေ ၃နာရီခွဲတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၅မိုင်နှုန်း တိုက်ခတ်ခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ်
ကဆုန်လပြည့်နေ့ (ဥပုသ်နေ့)
၁၉-၅-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ကြီး ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်း စာသင်တိုက် ကလေးဝတောရ ဆရာတော် ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ လယ်တီ ဘဒ္ဒန္တဇာဂရာဘိဝံသ ဟောကြားတော်မူအပ်သော ကဆုန်လပြည့်ဗုဒ္ဓနေ့ တရားတော်
၈:၁၀ ၄။ သံသာချို့အေး မင်္ဂလာတေး
၈:၂၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၃၀ ၆။ International News
၉:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ဓမ္မပူဇာတေး
၄:၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၃၅ ၄။ မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၅:၀၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၀ ၆။ တေးဂီတအစီအစဉ်
၅:၃၅ ၇။ ကုသိုလ်ပန်းဝေ သွန်းညောင်ရေ
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ တေးဂီတအစီအစဉ်
၆:၅၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်-ချစ်တယ်** (အပိုင်း-၂၂)
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ မြတ်ဗုဒ္ဓမဇ္ဈိမ၏ အနှိုင်းမဲ့ရတနာ
၁၆။ အစီအစဉ်ပြီး၏။

အင်အားအသင့်အတင့်ငလျင်လှုပ်

နေပြည်တော် မေ ၁၈

၂၀၀၈ခုနှစ် မေ၁၇ရက် ည၁၁နာရီ ၄၂မိနစ် ၅၂စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၁၂၀၀ခန့်အကွာ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ) ပြည်ပနေရာကိုဗဟိုပြု၍ ရစ်ချ်တာစကေး ၆ဒသမ၀အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကျောက်ပွင့်ကိုစားသုံးပါက ဦးနှောက်နာ့ဗ်ကြောများ ရှင်သန်လန်းဆန်းနိုင်

ကျောက်ပွင့် သို့မဟုတ် ပင်လယ်ရေညှိသည် အစိမ်းရောင်နှင့် အချို့မှာ အညိုရောင်ရှိသည်။ ပင်လယ်ရေအောက်နှင့် ကျောက်တုံးများတွင် တွေ့ရှိရတတ်သည့် ပင်လယ်ထွက် အစားအစာတစ်မျိုးလည်းဖြစ်ပြီး အာရှတွင်သာမက ဥရောပ၌လည်း နှစ်ခြိုက်စွာ စားသုံးလေ့ရှိကြသည်။

ပါဝင်

ကျောက်ပွင့်တွင် ဗီတာမင်အေ၊ ကယ်လ်ဆီယမ်၊ သံဓာတ်၊ ဖော့စပရပ်စ်၊ ကာဘိုဟိုက်ဒရိတ်နှင့် ပရိုတိန်းဓာတ်များ ပါဝင်ပြီး အများဆုံး ပါဝင်သည့်ဓာတ်မှာ ဖော့စပရပ်စ်နှင့် သံဓာတ်တို့ဖြစ်သည်။

ကျောက်ပွင့်ကို စင်ကြယ်သန့်ရှင်းပြီး စားသုံးပါက ဦးနှောက်နာ့ဗ်ကြောများ ရှင်သန်လန်းဆန်းမှုကို ဖြစ်စေပြီး ဉာဏ်ရည်ထက်မြက်မှုကို အားပေးသည်။ ထို့အပြင် ခန္ဓာကိုယ်အတွင်း အဆိပ်ဓာတ်များကိုလည်း ဖယ်ရှားပေးနိုင်ကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက ပြောကြားသည်။

ဆံပင်

တစ်ဖန် ကျောက်ပွင့်ကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် စားသုံးပေးပါက ဆံပင်သန်စွမ်းခြင်းကို အထောက်အကူဖြစ်စေပြီး အရေပြားရောဂါများ မဖြစ်ပွားနိုင်ကြောင်း ၄င်းတို့က ပြောကြားသည်။

လေဘေးသင့်သူများအတွက် ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

အရေးပေါ်ဆေးခန်း ဖွင့်လှစ်ထား

ဧရာဝတီတိုင်း ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေးစခန်းတွင် အရေးပေါ်ဆေးခန်း ဖွင့်လှစ်ထားရှိစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် လေဘေးကယ်ဆယ်ရေးစခန်းတွင် ဖိုက်ဘာပလတ်စတစ် ရေတိုင်ကီများ ထားရှိပေးစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်း မအူပင်မြို့နယ် လေဘေးကယ်ဆယ်ရေးစခန်းတွင် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ ပေးပို့သည့် လေဘေးကယ်ဆယ်ရေးပစ္စည်းများကို လက်ဝယ်အရောက် ဖြန့်ဝေပေးထားစဉ်။

(သတင်းစဉ်)

ဆောင်ရွက်

ဧရာဝတီတိုင်း ဖျာပုံမြို့နယ်၌ လျှပ်စစ်ကြိုးများ သွယ်တန်းကာ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြစဉ်။

(သတင်းစဉ်)

ရောက်ရှိ

လေဘေးသင့်ဒေသများပြန်လည် ထူထောင်ရေးအတွက် ဧရာဝတီတိုင်း ဖျာပုံမြို့နယ်သို့ သစ်တင်ကားများ ရောက်ရှိလာစဉ်။

(သတင်းစဉ်)

လေဘေးသင့်ခံရသူများအတွက် အလှူငွေနှင့် ပစ္စည်းများ အလွဲသုံးစားပြုပါက ထိရောက်စွာအရေးယူမည် စေတနာသဒ္ဓါတရားထက်သန်စွာ ဆက်လက်လှူဒါန်းနိုင်

နေပြည်တော် မေ ၁၈

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက ၂၀၀၈ ခုနှစ်မေ ၁၇ ရက်တွင် သတင်းထုတ်ပြန်ချက် အမှတ်(၃)ကို ထုတ်ပြန်ကြေညာသည်။

အဆိုပါသတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက် အမှတ် (၃)

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နာဂစ်မုန်တိုင်းကျရောက်ခဲ့ရာ လေဘေးသင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်များက ကယ်ဆယ်ရေးရန်ပုံငွေနှင့် ပစ္စည်းများကို ပေးပို့လှူဒါန်းလျက်ရှိရာ သက်ဆိုင်ရာကော်မတီများက စနစ်တကျလက်ခံပြီး ချက်ချင်းလေဘေးသင့်ဒေသများသို့ ပို့ဆောင်ပေးလျက်ရှိပါသည်။ မည်သူမဆို လေဘေးကယ်ဆယ်ရေးရန်ပုံငွေနှင့် ပစ္စည်းများကို မသမာသောသဘောဖြင့် အလွဲသုံးစားပြုပါက ထိရောက်စွာ အရေးယူရန်လည်း ကြိုတင်စီမံထားပြီးဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ထားကြောင်းကိုလည်း မေလ(၁၅)ရက်နေ့တွင် သတင်းထုတ်ပြန်ပြီးဖြစ်ရာ အောက်ပါအတိုင်းဖြစ်ပါသည်-

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ သတင်းထုတ်ပြန်ချက်

(၁) မြန်မာနိုင်ငံဒေသအချို့တွင် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဘေးအန္တရာယ်ကျရောက်ခဲ့ရာ ပြည်တွင်း၊ပြည်ပ စေတနာရှင်များက ကယ်ဆယ်စောင့်ရှောက်ရေးပစ္စည်းများကို အင်တိုက်အားတိုက် ပေးပို့လှူဒါန်းလျက်ရှိသဖြင့် ကျေးဇူးတင်စွာ လက်ခံရယူလျက်ရှိပါသည်။

(၂) ပြည်တွင်း၊ ပြည်ပ စေတနာရှင်များက လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသောငွေ၊ ပစ္စည်းများကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများပါဝင်သည့် နာဂစ်မုန်တိုင်းဒဏ်သင့် ဒေသများအတွက် အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့က စာရင်း၊ ဇယားများဖြင့် စနစ်တကျလက်ခံလျက်ရှိပါသည်။ ထိုသို့ လက်ခံပြီးနောက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများပါဝင်သည့် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆပ်ကော်မတီက သက်ဆိုင်ရာ လေဘေးသင့်ခံရသူများ လက်ဝယ်သို့အရောက် ချက်ချင်းဆက်လက်ဖြန့်ဝေပေးအပ်လျက်ရှိပါသည်။

(၃) လေဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီဖြင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များသည် နီးစပ်ရာမြန်မာသံရုံးများ၊ စစ်သံရုံးများ၊ ရပ်ကွက်၊မြို့နယ်၊ခရိုင်၊တိုင်းနှင့်ပြည်နယ်များရှိ သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ကော်မတီအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ အခြားအကျိုးဆောင်ပုဂ္ဂိုလ်နှင့် တရားဝင် အဖွဲ့အစည်းများထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၄) မည်သူမဆိုလေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှလှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးမဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက သတင်းပို့ခြင်း၊ တိုင်ကြားခြင်းပြုနိုင်ပါသည်။ သတင်းရရှိပါက စုံစမ်းဖော်ထုတ်ပြီး ဥပဒေအရ ထိရောက်စွာ အရေးယူသွားရန် ကြိုတင်စီမံထားရှိပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၂။ သို့ပါ၍ ပြည်တွင်း၊ပြည်ပ အလှူရှင်များအနေဖြင့် စေတနာသဒ္ဓါတရားယုတ်လျော့ခြင်းမရှိဘဲ ပကတိထက်သန်စွာ ဆက်လက်လှူဒါန်းနိုင်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ရက်စွဲ၊ ၁၇-၅-၂၀၀၈။
နေရာ၊ နေပြည်တော်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ

မေ ၁၈ ရက်က ဘုရင့်နောင်လမ်းမကြီးတွင် လေဘေးဒဏ်ကြောင့် လဲပြိုကျပြီး ခုတ်ထွင်ထားသော သစ်ပင်သစ်ကိုင်းများအား တပ်မတော်သားများက အပြောင်ရှင်း ဆောင်ရွက်နေကြစဉ်။ (၁၂၃)

လေဘေးသင့်ခံရသူများအား ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ အပြည့်အဝဆောင်ရွက်ပေးလျက်ရှိ

သာမန်ဖြစ်လေ့ဖြစ်ထရှိသော ရောဂါများမှအပ အခြားကူးစက်ရောဂါများ ဖြစ်ပွားခြင်းမရှိ

နေပြည်တော် မေ ၁၈

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက ၂၀၀၈ ခုနှစ်မေ ၁၇ ရက်တွင် သတင်းထုတ်ပြန်ချက် အမှတ်(၄)ကို ထုတ်ပြန်ကြေညာသည်။

အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက် အမှတ် (၄)

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မေလ(၂)ရက်နှင့် (၃)ရက်နေ့များ၌ ပြင်းထန်သော နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် ဧရာဝတီတိုင်း ပင်လယ်ကမ်းခြေဒေသများတွင် အသက်အိုးအိမ်ဆုံးရှုံးမှု ကြီးမားစွာခံစားခဲ့ရပြီး ရန်ကုန်တိုင်းတွင်လည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

၂။ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအစည်းအဝေးကို မေလ(၃)ရက်နေ့ နံနက် (၈)နာရီခွဲတွင် နေပြည်တော်၌ကျင်းပပြီးနောက် ဘေးဒုက္ခနှင့် ရင်ဆိုင်နေရသော ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်နိုင်ရန်အတွက် နယ်ဘက်နှင့် စစ်ဘက် ဆေးအကာအကွယ်ပေးရေးအဖွဲ့များကို မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ဒေသများသို့ ချက်ချင်းစေလွှတ်ခဲ့ပါသည်။

၃။ ထို့ကြောင့်လက်ရှိအခြေအနေတွင် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ ဆေးအကာအကွယ်ပေးရေးအဖွဲ့(၁၂၂)ဖွဲ့ အင်အား(၂၀၂၉)ဦးတို့သည် ဒေသခံကျန်းမာရေးဝန်ထမ်းများဖြင့် ပူးပေါင်း၍ ကုသရေးနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါသည်။

၄။ သို့သော် အချို့သော ပြည်ပသတင်းဌာနများက လေဘေးဒုက္ခသည်များအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝမရရှိကြောင်း၊ ဝမ်းရောဂါနှင့် အခြားကူးစက်ရောဂါများ ကျရောက်မည့် အန္တရာယ်နှင့်ရင်ဆိုင်နေရကြောင်း သတင်းအမှားများထုတ်လွှင့်လျက်ရှိသည်ကို ကြားသိရပါသည်။

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မိမိစွမ်းအားဖြင့်လည်းကောင်း၊ နိုင်ငံတကာ အကူအညီများရယူပြီးလည်းကောင်း လေဘေးသင့်ပြည်သူများအား ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လေဘေးသင့်ဒေသများအတွင်း သာမန်ဖြစ်လေ့ဖြစ်ထရှိသော ရောဂါများမှအပ အခြားကူးစက်ရောဂါများ ဖြစ်ပွားခြင်းမရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ရက်စွဲ၊ ၁၇-၅-၂၀၀၈။
နေရာ၊ နေပြည်တော်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ

မုန်တိုင်းဒဏ်အတွက် ပေးပို့လှူဒါန်းသော ပစ္စည်းမှန်သမျှ အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့က တိုက်ရိုက်လက်ခံသောအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်

နေပြည်တော် မေ ၁၈

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ၂၀၀၈ ခုနှစ်မေ ၁၇ ရက်တွင် သတင်းထုတ်ပြန်ချက် အမှတ်(၅)ကို ထုတ်ပြန်ကြေညာသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက် အမှတ် (၅)

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ခံရသည့် လေဘေးဒုက္ခသည်များအတွက် ပြည်ပနိုင်ငံများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO များ၊ ပုဂ္ဂလိကအလှူရှင်များက ပေးပို့လှူဒါန်းသော ပစ္စည်းများသည် စဉ်ဆက်မပြတ် ရောက်ရှိလျက်ရှိပါသည်။

၂။ အဆိုပါပေးပို့လှူဒါန်းသော ပစ္စည်းများအနက် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ လှူဒါန်းသည်များရှိသကဲ့သို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းအချို့နှင့် INGO အချို့က တိုက်ရိုက်လက်ခံရယူသွားသည့် ပစ္စည်းများလည်း ပါဝင်ပါသည်။

၃။ နာဂစ်မုန်တိုင်းဒဏ်အတွက် ပေးပို့လှူဒါန်းသော ပစ္စည်းမှန်သမျှသည် လေဘေးဒုက္ခသည်များထံ ရောက်ရှိရန် လိုအပ်သဖြင့် နာဂစ်မုန်တိုင်းဒဏ်သင့် ဒေသများအတွက် အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့က အပိုဒ်(၂)ပါ တိုက်ရိုက်လက်ခံသော အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ စနစ်တကျဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ရက်စွဲ၊ ၁၇-၅-၂၀၀၈။
နေရာ၊ နေပြည်တော်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လှိုင်သာယာ ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

ရှင်းလင်းတင်ပြ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်ဝန်ကြီးချုပ်၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးသုံးသပ်ပြီး ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများကို လမ်းညွှန်မှာကြားသည်။

အားပေးစကားပြော

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းအတွင်းရှိ လှိုင်သာယာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ကယ်ဆယ်ရေးစခန်းများသို့သွားရောက်ပြီး လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နာဂစ်မုန်တိုင်းကျရောက်သည်နှင့်တစ်ပြိုင်နက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းကာ နိုင်ငံတော်အနေဖြင့် မုန်တိုင်းကယ်ဆယ်ရေးအတွက် ကနဦးမတည်ငွေကျပ် ငါးဘီလီယံကို ချက်ချင်းခွင့်ပြုပေးခဲ့သည်။

သုံးစွဲ

ယနေ့အချိန်တွင် နိုင်ငံတော်မှ ငွေကျပ်ဘီလီယံ ၅၀ ကျော်ကို လေဘေးဒဏ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သုံးစွဲပြီးဖြစ်ပြီး နောင်တွင်လည်း နိုင်ငံတော်မှလိုအပ်သလို ဘဏ္ဍာငွေများ ခွင့်ပြုသုံးစွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒဂုံမြို့သစ်(တောင်ပိုင်း)ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒဂုံမြို့သစ်(တောင်ပိုင်း)ကယ်ဆယ်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

19-5 (09).pmd 1 5/19/2008, 2:28 AM

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအား ဝိုင်းဝန်းကူညီ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

ကွင်းဆင်းလေ့လာရေးသားသူ - မြင့်မောင်စိုး ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် မေ ၁၈

ယခုမေလဆန်းပိုင်းက တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် မြန်မာနိုင်ငံ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ထိခိုက်ပျက်စီးမှုများခဲ့သည်။ မုန်တိုင်းဒဏ်ခံရသော ပြည်သူများအား သက်ဆိုင်ရာဒေသအလိုက် ကယ်ဆယ်ရေးစခန်းများ ထူထောင်ပြီး ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် လေဘေးဒဏ်ခံရသော ဒေသတစ်ခု ဖြစ်သည့် သန်လျင်မြို့နယ်သို့ ရောက်ရှိခဲ့သည်။ မုန်တိုင်းဒဏ်ခံရသော ပြည်သူများအား ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်းပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဘို ထွန်းက ပြောကြားရာတွင် **"ကျွန်တော်တို့မြို့နယ်မှာ ဒီမုန်တိုင်းကျရောက်တဲ့ မေ ၃ရက်ကစ၍ ကယ်ဆယ်ရေးစခန်း ၁၇ ခု ထူထောင်ပြီး ကြည့်ရှုစောင့်ရှောက်ခဲ့ပါတယ်။ မုန်တိုင်းဒဏ် စကြုံတဲ့နေ့က လေဘေးဒုက္ခသည် သန်လျင်မြို့နယ်မှာ ၉၈၅၅ဦးရှိပါတယ်။ ယခုအခါမှာတော့ မိသားစုအများစုဟာ မူလ ကိုယ့်အိမ်ကိုယ့်ရာ ပြန်ကုန်ကြပါပြီ။ ကျန်တဲ့ လေဘေးဒဏ်ခံရတဲ့မိသားစု၄၇စု အိမ်ထောင်စုဝင်၁၆၃ဦးရှိပါတယ်။သူတို့ကိုလည်း မေ ၁၇ရက်က နောက်ဆုံးထားပြီး တစ်လစာစားနိုင်အောင်ကူညီထောက်ပံ့လှူဒါန်းပေးလိုက်လို့ မိမိနေအိမ်သို့ အသီးသီးပြန်သွားကြပါပြီ။ ဒီမိသားစုဝင် ၄၇စုကို သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်ရဲ့ စီစဉ်ဆောင်ရွက်မှု၊ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရဲ့ ကြီးကြပ်မှု ၊ စေတနာရှင်ပြည်သူများရဲ့ ကူညီလှူဒါန်းမှုတို့ဖြင့် ဆန်တစ်အိတ်၊မိုးကာစပေ၄၀၊ ဘီစကွတ်သုံးထုပ်၊ ဆီတစ်ပုလင်း၊ ရေသန့်ဘူးတစ်ကတ်၊ ကုလားပဲ နှစ်ပိဿာ၊ ထမင်းချက်ဖို့ ဒန်အိုးတစ်လုံး၊ ပီနံကြိုးခွေတစ်ထုပ်၊ ဆား၂၅ကျပ်သား၊ ခြင်ဆေးခွေ တစ်ဘူး၊ ကြာဆံ ၁၀ထုပ်၊ မီးခြစ်တစ်လုံး ဖြန့်ဝေပေးခဲ့ပါတယ်"**ဟု ပြောကြားသည်။

"ယခုအခါမှာတော့ ကျွန်တော်တို့ သန်လျင်မြို့နယ်မှာ လေဘေးဒဏ်ခံရတဲ့ ပြည်သူတွေကို နိုင်ငံတော်အပိုင်းနဲ့ စေတနာရှင်ပြည်သူများရဲ့ ဝိုင်းဝန်းကူညီပေးခဲ့ကြလို့ ကယ်ဆယ်ရေးစခန်းတွေ မရှိကြတော့ပါဘူး။ ဒါပေမယ့် စေတနာရှင် ပြည်သူတွေအနေနဲ့ ဆက်လက်လှူဒါန်းလိုပါက တိုက်ရိုက်ဖြစ်စေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှဖြစ်စေ လှူဒါန်းထောက်ပံ့မှုများ ပြုနိုင်ပါတယ်။ ယခုအခါမှာတော့ ပြန်လည်ထူထောင်ရေးကို ဦးစားပေး စတင်ဆောင်ရွက်နေပါပြီ။ ပထမဆင့်

"စေတနာရှင်ပြည်သူများလှူဒါန်းတဲ့ အိုး၊ ခွက်၊ ပန်းကန်တွေ၊ ဆန်၊ ဆီ၊ ပဲနဲ့ သုံးစရာ ငွေအချို့ လက်ခံရရှိပါတယ်"
မကလျာ
သောက်တော်တွင်းရပ်ကွက်၊
ပဒုမ္မာလမ်း၊ သန်လျင်မြို့နယ်။

အနေနဲ့ဆေးရုံ၊ ဆေးခန်းများ ပြန်လည်ကောင်းမွန်ဖို့ ဆောင်ရွက်နေပါတယ်။ ဒုတိယဆင့် အနေနဲ့ ဇွန် ၁ရက်မှာ ကျောင်းတွေ အချိန်မီဖွင့်နိုင်ဖို့ ပျက်စီးနေတဲ့မြို့ပေါ်ကျောင်း ၃၃ကျောင်းနဲ့ နယ်ကျောင်း၄၄ကျောင်းကို ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တတိယဆင့် အနေနဲ့ကတော့ သာသနိကအဆောက်အအုံတွေ ဖြစ်ပါတယ်" ဟု ဦးဘိုထွန်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

မုန်တိုင်းဒဏ်ကြောင့် ပြိုလဲပျက်စီးသွားသော သန်လျင်မြို့နယ်မှ လျှပ်စစ်ဓာတ်တိုင်များကို မေ ၁၇ ရက်က လျှပ်စစ်ဝန်ထမ်းများ ဤသို့ပြန်လည်ပြင်ဆင်လျက်ရှိသည်။

<u>တွေ့ဆုံမေးမြန်း</u>

ဆက်လက်၍ မြန်မာ့အလင်း သတင်းအဖွဲ့သည် လေဘေးဒဏ်ခံရသော ပြည်သူများနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ရှေးဦးစွာ သန်လျင် မြို့နယ် သောက်တော်တွင်းရပ်ကွက်မှဒေါ်ထွေးမြင့်က ပြောကြားရာတွင် **"ဒီမုန်တိုင်းစတိုက်တုန်းက ဘာမှ မဖြစ်သေးပါဘူး။ မေ ၃ ရက် နံနက် ၈ နာရီလောက်ကတိုက်တဲ့ မုန်တိုင်းဟာ အတော့်ကို ပြင်းထန်တယ်။ မိုးထားတဲ့ အမိုးတွေကော အကာပါ မကျန်တော့ပါဘူး။ ဒါကြောင့် အနီးမှာရှိတဲ့ ရွှေနံ့သာဘုန်းကြီးကျောင်းမှာ ယာယီကယ်ဆယ်ရေးစခန်းအဖြစ် ဖွင့်လှစ်ထားတာကြောင့် အဲဒီမှာ သွားရောက်တည်းခိုခဲ့ပါတယ်။ ဒီမှာနေနေတုန်းမှာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ဆန်နဲ့ဆီရတယ်။ အခြားစားစရာ ဘီစကွတ်၊ ခေါက်ဆွဲခြောက်၊ စောင်၊ အဝတ်အထည်နှင့် ငွေအချို့လဲ လက်ခံရရှိပါတယ်"**ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ထို့နောက် သန်လျင်မြို့နယ် သောက်တော်တွင်းရပ်ကွက် ဘုရားနီလမ်းနေ ဒေါ်ရွှေမိက **"စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းတဲ့ စားစရာ၊ ဝတ်စရာများ လက်ခံရရှိပါတယ်၊ ဆန်ငါးရက်စာ ပေးတယ်။ ဆီလဲပေးတယ်။ အလှူရှင်အချို့က တိုက်ရိုက် လှူဒါန်းတဲ့ အိုး၊ ခွက်၊ ပန်းကန်များလဲ လက်ခံရရှိပါတယ်၊ ပိုက်ဆံအချို့လဲ ရပါတယ်"**ဟု ပြောကြားသည်။

တစ်ဖန် သန်လျင်မြို့နယ်အုတ်ဖိုစု ရပ်ကွက်ဆေးဝိဇ္ဇာလမ်းနေ ဒေါ်ခင်စိန်ကလည်း **"ကျွန်မတစ်သက်မှာ ဒီလို မုန်တိုင်း တစ်ခါမှမကြုံဖူးဘူး၊ အိမ်ကတော့ တိုင်ပဲကျန်တော့တယ်၊ ဒါပေမယ့် လူကြီးတွေစီစဉ်ပေးလို့ စားရေး၊ သောက်ရေး၊ ကျန်းမာရေးကအစ အဆင်ပြေအောင် လုပ်ပေးခဲ့လို့ ကျေးဇူးတင်ပါတယ်"**ဟု ပြောကြားသည်။

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လေဘေးသင့် ပြည်သူများအတွက် အိမ်ထောင်စုအလိုက် အသုံးအဆောင်ပစ္စည်းများ ဝေငှပေးဝေနေစဉ်။

"မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စီစဉ်ပေးလို့ အစစအရာရာ အဆင်ပြေပါတယ်"
ဒေါ်ထွေးမြင့်
သောက်တော်တွင်းရပ်ကွက်၊
လမ်းသွယ်၊ သန်လျင်မြို့နယ်။

ထို့အပြင် သန်လျင်မြို့ သောက်တော်တွင်းရပ်ကွက် ပဒုမ္မာလမ်းနေ မကလျာကလည်း **"ကျွန်မတို့ မုန်တိုင်းဒဏ်ခံရချိန်မှာ အခုလို ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးတဲ့ အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်၊ သက်ဆိုင်ရာ ဌာနတွေက လှူဒါန်းထောက်ပံ့တဲ့ အိုး၊ ခွက်၊ ပန်းကန်တွေ၊ ဆန်၊ ဆီ၊ ပဲ၊ သုံးစရာ ငွေအချို့ လက်ခံရရှိပါတယ်"** ဟုလည်း ပြောကြားသည်။

"မုန်တိုင်းဒဏ်ခံရသော ဆေးရုံ၊ ဆေးခန်းနှင့်ကျောင်းများ အချိန်မီ ကောင်းမွန်ရေး ပြန်လည် ထူထောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက် နေပါတယ်"
ဦးဘိုထွန်း
ဥက္ကဋ္ဌ
(မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)
သန်လျင်မြို့နယ်။

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသောအဆောက်အအုံများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ရွှေတောင်ကုမ္ပဏီမှ ဒေါ်ဖြူဖြူသန့်က မြန်မာ့အလင်းသို့ ပြောကြားရာတွင် **"ကျွန်မတို့ကုမ္ပဏီက ဒီမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားတဲ့ ဆေးရုံ၊ဆေးခန်းတွေ၊ စာသင်ကျောင်းတွေနဲ့ သာသနိကအဆောက်အအုံတွေ ပြန်လည်ကောင်းမွန်ရေးအတွက် သန်လျင်နှင့် ကျောက်တန်းဒေသကို တာဝန်ယူထားပါတယ်။ ပထမ ဦးစားပေးကတော့ ဆေးရုံ၊ ဆေးခန်းတွေဖြစ်ပြီး ဒုတိယဦးစားပေးကတော့ ကျောင်းတွေ ဖြစ်ပါတယ်၊ အခုလုပ်ငန်းတွေ စလုပ်နေပြီ။ ကျောင်းတွေကို မေလအကုန်အပြီး အမိုးအကာများ ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"**ဟု ပြောကြားသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ ကျောက်တန်းမြို့သို့ ဆက်လက်ထွက်ခွာလာခဲ့သည်။ သန်လျင် - ကျောက်တန်း လမ်းမကြီးဘေးတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏စီမံမှုဖြင့် လျှပ်စစ်မီးပြန်လည်ရရှိရေး အတွက် ဓာတ်တိုင်များ ပြန်လည် စိုက်ထူခြင်း၊ ကြိုးလိုင်းများ တင်ခြင်းစသောလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရသည်။

ထိုမှ ဆက်လက်ထွက်ခွာလာရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တယ်လီဖုန်းလိုင်းများအမြန်ပြန်လည်ကောင်းမွန်လာရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

မုန်တိုင်းဒဏ်ခံရသော ဒေသများတွင် ကယ်ဆယ်ရေး လုပ်ငန်းများအပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသအာဏာ ပိုင်များ ပူးပေါင်းလျက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက် လျက်ရှိ။

ယခုအခါ မုန်တိုင်းဒဏ် ခံရသော ဒေသများတွင် ကယ်ဆယ်ရေး လုပ်ငန်းများအပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသအာဏာပိုင်များ ပူးပေါင်းလျက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဗဟန်းမြို့နယ်အတွင်း လေမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ဘုန်းတော်ကြီးကျောင်းများ ပြုပြင်နိုင်ရေးအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ အလှူငွေကျပ်သိန်း၂၀၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ် လေဘေးကယ်ဆယ်ရေးစခန်းများ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိ၍ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေက မြို့နယ်အတွင်း လေဘေးသင့်မှုကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးလှမြင့်စိုးက ကယ်ဆယ်ရေးပစ္စည်းများ လက်ခံရရှိမှုအခြေအနေနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် လက်စိုက်ကျေးရွာ ဗဟိုကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိ၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း အကြံပေးပုဂ္ဂိုလ် ဒေါက်တာဒေါ်ခင်ဆန်းနွယ်ခေါင်းဆောင်သော ဆရာဝန်များ၊ သူနာပြုများ၊ ကြက်ခြေနီအသင်းဝင်များက လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့် ရှောက်နေမှုကို ကြည့်ရှုအားပေးသည်။

ကွင်းဆင်းကုသပေး

ယင်းနောက် တိုင်းမှူးသည် စခန်းအတွင်း သောက်သုံးရေ စနစ်တကျ သုံးစွဲမှုနှင့်စားဖိုဆောင်တို့ကို ကြည့်ရှုစစ်ဆေး၍ ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာယုဇနစောမြင့် ဦးဆောင်သော အထူးကု ဆရာဝန်ကြီးများအဖွဲ့၏ ကွင်းဆင်းကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့မှတစ်ဆင့် တိုင်းမှူးသည် ကွမ်းခြံကုန်းမြို့နယ် အားကစားကွင်းရှိ ဗဟိုလေဘေး ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) မင်္ဂလာဒုံမှ တပ်မှူး ဗိုလ်မှူးချုပ်တင်မောင်အေး ဦးဆောင်သော တပ်မတော်သား ဆရာဝန်၊ သူနာပြုများက ကာကွယ်ရေးနှင့် ကုသရေး ဆောင်ရွက်နေမှုများနှင့် ချက်ပြုတ်ကျွေးမွေးနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လေဘေးသင့်အိမ်ထောင်စုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ဒေါက်တာကျော်ဇံသက်နှင့် ဒေါက်တာလဲ့လဲ့ဝင်းတို့ဦးဆောင်သော အထူးကု ဆရာဝန်ကြီးများအဖွဲ့က ကွင်းဆင်းကုသပေးနေမှုကို ကြည့်ရှုအားပေး၍ ဆေးရုံအတွင်း ပြန်လည်ပြုပြင် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပံ့ပိုးဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးသည် ဇာတိမာန်ခန်းမ၌ မြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး သန်းနိုင်ဦးက မြို့နယ်အတွင်း ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း တင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝေငှပေးအပ်

ထို့နောက် တိုင်းမှူးက လေဘေးသင့် ပြည်သူများလက်ဝယ်သို့ စားသောက်ကုန်၊အဝတ်အထည်၊ပန်းကန်ခွက်ယောက်များကို ဝေငှပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟန်းမြို့နယ်အတွင်း မုန်တိုင်းကြောင့်ပျက်စီးခဲ့သော ဘုန်းတော်ကြီးကျောင်းများပြုပြင်ရန် ငွေလှူဒါန်း

ရန်ကုန် မေ ၁၈

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မေ ၁၅ရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ဗဟန်းမြို့နယ် အတွင်းရှိ ရပ်ကွက် ၂၂ရပ်ကွက်မှ ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဗဟန်းမြို့နယ်အတွင်း လေမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ဘုန်းတော်ကြီးကျောင်း ၂၉၄ကျောင်း ပြုပြင်နိုင်ရေးအတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ အလှူငွေကျပ်သိန်း ၂၀၀ကိုလည်းကောင်း၊အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ခင်ရီ မိသားစုက အလှူငွေကျပ်သိန်း၅၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌဦးသိန်းဟန်က ဗဟန်းမြို့နယ်အတွင်းရှိ ရပ်ကွက် ၂၂ရပ်ကွက်မှ ပြည်သူများအတွက် စားအုန်းဆီပီပါ၄၄လုံးကို ပေးအပ်လှူဒါန်းသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဗဟန်းမြို့နယ်၌ မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးခဲ့သည့်အဆောက်အအုံများအတွက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ သွပ်အချပ်ရေ ၁၂၅၀၀ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေးဒရဲ ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ် လေဘေးကယ်ဆယ်ရေးစခန်းများ ဒုတိယဝန်ကြီး ဒေါက်တာမြဦး လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် တာဝန်ရှိသူများလိုက်ပါလျက် မေ၁၆ရက် နံနက်စနာရီခွဲက ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာသို့ ကွင်းဆင်းကုသပေးမည့် ဆေးကုသရေးအဖွဲ့ဝင်များအား ဆေးဝါးများ ထောက်ပံ့ပေးအပ်ပြီး ဒေးဒရဲမြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေသော လေဘေးသင့်လူနာမိသားစုဝင်များနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လေဘေးသင့်လူနာများအား လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားပြီး လေဘေးကယ်ဆယ်ရေးစခန်းများအတွက် စောင်များသိုလှောင်စုစည်းထားရှိမှု၊ ခွဲစိတ်ခန်း၊ အမျိုးသမီးလူနာကုသဆောင်၊ သားဖွားခန်း၊ ဓာတ်မှန်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ မှာကြားခဲ့သည်။

ဦးစားပေးဆောင်ရွက်

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒေးဒရဲမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ကယ်ဆယ်ရေးစခန်းများ၌ ဘေးကင်းသော သောက်သုံးရေရရှိမှု၊ ဆေးကုသခန်း၊ လေဘေးသင့်မိသားစုများနေထိုင်ရာ ရွက်ဖျင်တဲများနှင့် နေထိုင်စားသောက်မှု၊ ရေချိုးရာနေရာများ၊ အိမ်သာ ဆောက်လုပ်သုံးစွဲမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)**ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြားသည်။

ဆေးကုသခန်းဖွင့်လှစ်

ထို့နောက် ဒုတိယဝန်ကြီးသည် သာသနာ့ဗိမာန်တော်ကြီး ဓမ္မာရုံ ကယ်ဆယ်ရေးစခန်းနှင့်ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ကံကြီးမကြီးရပ်ကွက်ကယ်ဆယ်ရေးစခန်းနှင့် ဓမ္မိကာရုံကျောင်းတိုက် ကယ်ဆယ်ရေးစခန်းတို့၌ သောက်ရေထားရှိ သောက်သုံးမှု၊ ယင်လုံအိမ်သာသုံးစွဲမှု၊ သောက်သုံးရေများ Water Guard ဆေးခတ်မှု၊လေဘေးသင့်မိသားစုများအား ကျန်းမာရေးဆေးကုသခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ယင်းနောက်ဒုတိယဝန်ကြီးသည် ကွမ်းခြံကုန်းပြည်သူ့ဆေးရုံ၌ လေဘေးသင့်ပြည်သူများ ပြင်ပလူနာဌာနသို့ လာရောက်ပြသမှု၊ အထူးကုဆရာဝန်ကြီးများမှကုသပေးမှု၊ သားဖွားခန်း၊ ခွဲစိတ်ခန်း ပြင်ဆင်မွမ်းမံနေမှုလုပ်ငန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးရုံအဆောက်အအုံ အမိုးများပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကော့မှူးမြို့နယ် ဗဟိုကယ်ဆယ်ရေးစခန်း၌ ရေတွင်းများ ကလိုရင်းဆေးခတ်သုံးစွဲမှု၊ ဆေးကုခန်းများ ဖွင့်လှစ်ထားရှိမှု၊ ထမင်းစားဆောင်၊ အိမ်သာများဆောက်လုပ်သုံးစွဲထားရှိမှုနှင့် လေဘေးသင့်မိသားစုများ နေထိုင်စားသောက်မှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဆင်းခြံကျေးရွာ လေဘေးသင့်ခံရသည့်မိသားစုများ ကယ်ဆယ်ရေးစခန်း ရွာလယ်ဓမ္မာရုံ၌ အထူးကု ဆရာဝန်ကြီးများကွင်းဆင်းကုသရေးအဖွဲ့ငယ်များ၏ ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေး၍ လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားကာ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲရေး၊ ရေသန့် သောက်သုံးရေနှင့် အစာမစားမီ လက်ဆေးသည့် အလေ့အကျင့်ကောင်းများကို လုပ်ဆောင်သွားရန်နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ငါးနှစ်အောက်ကလေးများ သေဆုံးမှုမရှိစေရန် မှာကြားပညာပေး ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၀၄၀၂၁၊
ဖုန်း-၀၆၇-၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉-၈၆ ၀၁၀၀၂ တို့သို့
တိုင်ကြားနိုင်ပါသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်ကွန်ကရစ်ကျောက်တိုင်လုပ်ငန်းမှ အရည်အသွေးမြင့် ဓာတ်အားလိုင်းတိုင်များ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အရည်အသွေးမြင့် ဓာတ်အားလိုင်းတိုင်များ ထုတ်လုပ်ဖြန့်ဖြူးမှု အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ၁၆ရက်က လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရန်ကုန်ကွန်ကရစ်ကျောက်တိုင်လုပ်ငန်း၌ အရည်အသွေးမြင့် ဓာတ်အားလိုင်းတိုင်များ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ကွန်ကရစ်ကျောက်တိုင်အတွင်း ထည့်သွင်းအသုံးပြုသည့် သံချည်သံကွေး၊ သံဆန်ခါအခြေအနေ၊ ထုတ်လုပ်ပြီး ကျောက်တိုင်များ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဓာတ်အားလိုင်းများသွယ်တန်း

ထို့နောက် ဝန်ကြီးသည် လှိုင်သာယာ-ညောင်တုန်း ကားလမ်းမတစ်လျှောက်ရှိ ပင်မဓာတ်အားခွဲရုံမှ စက်မှုဇုန်များသို့ သွယ်တန်းသည့် 33KV Double Circuit ဓာတ်အားလိုင်းကို စက်ယန္တရားအသုံးပြု၍ ကျွမ်းကျင်လုပ်သားများဖြင့် တိုင်ထူခြင်း၊ လိုင်းကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ဧရာဝတီတိုင်း မအူပင်ခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး ဓာတ်အားလိုင်းများ သွယ်တန်းတည်ဆောက်မှု၊ ဓာတ်အား အဝင်/အထွက် ချိတ်ဆက်ထားရှိမှုနှင့် ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေးဒရဲနှင့် ဖျာပုံမြို့နယ်အတွင်းရှိ ရေငန်တားတာများ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၈

လေမုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းအတွင်း တာတမံများ ထိခိုက်ပျက်စီးမှုများကို ပြန်လည်မွမ်းမံရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ၁၅ရက်က ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်နှင့် ဖျာပုံမြို့နယ်အတွင်းရှိ ရေငန်တားတာများကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘိုကလေးမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစီးသိန်းနှင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြို့နယ်အမှုဆောင်များနှင့်တွေ့ဆုံ၍ တာများပြုပြင်ရေး၊ ရာသီအချိန်မီ စပါးစိုက်ပျိုးရေး ဆွေးနွေးမှာကြားသည်။

လှူဒါန်း

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လပွတ္တာမြို့ပေါ်ရှိ ဌာနဆိုင်ရာ ရုံးဌာနများ၊ မြို့ပေါ်ရပ်ကွက်များရှိ အဆောက်အအုံများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ကြည့်ရှုပြီး အထွေထွေရောဂါကု ဆေးရုံကြီး၌ ဆေးဝါးသေတ္တာများကို ဆေးရုံအုပ်ကြီးအား လှူဒါန်းသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးသည် ပုသိမ်မြို့ပေါ်ရှိ ဧရာဝတီတိုင်း လေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုစခန်းများမှ ကိုးသိန်း အားကစားလေ့ကျင့်ရေးစခန်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းစခန်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းစခန်းများရှိ ငပုတော၊ လပွတ္တာ၊ ဘိုကလေးမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့မှ လေဘေးသင့်သူများအား တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ဘုန်းကြီးကျောင်းများမှ သံဃာတော်များအတွက် သင်္ကန်းဒွိစုံများလှူဒါန်း

ရန်ကုန် မေ ၁၈

မေ ၂ရက်နှင့် ၃ရက်များက တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ပျက်စီးဆုံးရှုံးမှုရှိသော ဘုန်းကြီးကျောင်းများရှိ သံဃာတော်များ အတွက် သင်္ကန်းဒွိစုံများ လှူဒါန်းရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁၁ရက် ညနေ ၄နာရီခွဲက နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ကျိုက်လတ် ဓမ္မသာလာခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က အမှာစကား ပြောကြားသည်။

လှူဒါန်း

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် အလှူရှင်များဖြစ်ကြသော ဒေါ်နွဲ့နွဲ့စန်း (သီရိသုဓမ္မသိင်္ဂီ) ပါတိတ်တိုင်းပြည် မိသားစုက သင်္ကန်းဒွိစုံ ၂၀၀၊ ဒေါ်စန်းစန်း(သုဓမ္မသိင်္ဂီ) ရွှေပြည်သာ ကျောက်မျက်ကုမ္ပဏီ မိသားစုက သင်္ကန်းဒွိစုံ ၂၀၀၊ ဒေါ်ငွေငွေသိန်း(သုဓမ္မသိင်္ဂီ)မြသစ္စာပွဲရုံ မိသားစုက သင်္ကန်းဒွိစုံ ၁၀၀ စုစုပေါင်း သင်္ကန်းဒွိစုံ၅၀၀ လှူဒါန်းကြသည်။ **(ဓဲပုံ)**

ဆက်သွယ်လှူဒါန်း

ဆက်သွယ် လှူဒါန်းလိုသူများသည် မန္တလေးတိုင်းသာသနာရေးဦးစီးဌာန ဖုန်း-၀၂-၃၆၃၁၂၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန (မန္တလေး) ဖုန်း-၀၂-၆၁၁၁၂၊ ၀၂-၆၁၁၁၃၊ ၀၉-၂၀၀၀၇၃၂နှင့် တိုင်း၊ ခရိုင်အတွင်းရှိ သာသနာရေးဦးစီးဌာနများတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လေဘေးသင့်ပြည်သူများ သွပ်နှင့်အိမ်မိုးရိုက်သံများ ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချမှု ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၈

အမျိုးသားသဘာဝဘေး ကာကွယ်ရေးစောင့်ရှောက်ရေးဗဟိုကော်မတီဝင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မေ၁၆ရက် နံနက်၉နာရီက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၁)ရပ်ကွက်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ လေဘေးသင့်ပြည်သူများအား အိမ်မိုးသွပ်နှင့် အိမ်ရိုက်သံများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ထို့နောက်ဝန်ကြီးသည် အမှတ်(၇)ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်တို့ရှိ ဓမ္မာရုံတို့၌ လေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆန်၊ဆီ၊သောက်ရေသန့်ဘူး၊ အဝတ်အထည်နှင့် မိုးရေကာဖျင်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

တွေ့ဆုံအမှာစကားပြောကြား

ယင်းနောက် ဝန်ကြီးသည် ဒဂုံတက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထူးကုဆရာဝန်ကြီးများပါဝင်သော ကွင်းဆင်းကုသရေးအဖွဲ့ ကွမ်းခြံကုန်းမြို့နယ်၌ လူနာများအားကုသပေး

ရန်ကုန် မေ ၁၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် အသည်းရောဂါဌာနမှ ဒေါက်တာ မြမြရီနှင့် ဒေါက်တာကြည်ကြည်ညွှန့်တို့ ဦးစီးသည့် ကွင်းဆင်းကုသရေးအဖွဲ့သည် မေ ၁၆ရက် နံနက်၁၀နာရီက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်ရှိ လေဘေးသင့်ခံရသော ဒေးဒနော‌ကျေးရွာ ဒေးဒနောဘိုးဘွားရိပ်သာ၌ ဆေးကုသဌာနအဖြစ်ဖွင့်လှစ်၍ လူနာများအား စေတနာထားကုသပေးပြီး မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းနှင့် သူနာပြုတက္ကသိုလ်(ရန်ကုန်)တို့မှ လေဘေးသင့် မိသားစုများအား အဝတ်အထည်များကို ပေးဝေကြသည်။

ပညာပေးဟောပြော

ကွင်းဆင်းအဖွဲ့သည် ကျေးရွာရှိ ပြည်သူများအား ရောဂါဖြစ်ပွားမှု မရှိစေရန် ရေကောင်းရေသန့်သုံးစွဲရေး၊ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ရေးတို့ကို ကျန်းမာရေးပညာပေး ဟောပြောကြသည်။

ဆေးကုသပေး

ထို့နောက် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် အင်္ဂလုံကျေးရွာရှိ ကံကော်ဘုန်းကြီးကျောင်း၌ ဆေးကုသဌာနဖွင့်လှစ်၍ လေဘေးသင့်ခံရသည့် သူများအား ဆေးကုသပေးကြသည်။

ပါဝင်ကြ

အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသရေးအဖွဲ့တွင် ဗဟိုအမျိုးသမီးဆေးရုံကြီးမှ ဆရာဝန်များ၊ ဆေးတက္ကသိုလ်(၂) မြောက်ဥက္ကလာမှ ဆရာဝန် ၁၇ဦးနှင့် သူနာပြု၄ဦး၊ ကျန်းမာရေးပညာအရာရှိ နှစ်ဦးတို့ ပါဝင်ကြပြီး ဆေးကုသမှုခံယူသူ ၁၀၄ဦးအား ကုသပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဦးဘကျော်-ဒေါ်အုံးရှင်၊ ဦးခင်မောင်- ဒေါ်မြကြည်၊ ကိုဇော်ဝင်းတို့အားရည်စူး၍ အမှတ် ၁၅၈ ဇမ္ဗူသီရိအနောက်၅လမ်း ၆အနောက်ရပ်ကွက် သာကေတမြို့နယ်နေ သားသမီးများနှင့် ညီအစ်ကို မောင်နှမများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးနှင့် ငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။ (က-ပ)

လက်ထပ်ပြီးစီးခြင်း

မြန်အောင်မြို့နေ (ဦးမောင်စိန်)-ဒေါ်ကြည်ကြည်(ပလောင်လက်ဖက်ခြောက်)
တို့၏သားထွေး

မောင်ရန်နိုင်

Diploma in Electronics (TP, Singapore)
B.E Information Technology (Finland)
Software Engineer, SATO International, Singapore

နှင့်

ကြံခင်းမြို့နေ ဦးမြင့်စိုး-ဒေါ်နန်းမြအုန်း(ခွန်စံလောလက်ဖက်ခြောက်)တို့၏
တစ်ဦးတည်းသောသမီး

မနန်းနော်ခမ်း

B.Econ (Statistics)
Diploma in Business Studies (LCCI ,UK)

တို့သည် ၁၈-၅-၂၀၀၈ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် မြန်အောင်မြို့၊ မုံရွာကျောင်းတိုက်တွင် မင်္ဂလာဆွမ်းကျွေးပြီးဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရန်နိုင်-မနန်းနော်ခမ်း။

ထိမ်းမြားမင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၂ရပ်ကွက်၊ သုဇာတာလမ်း၊
အမှတ် ၈၉၇နေ ဦးပြူး-(ဒေါ်မြအုံး)တို့၏သား

မောင်ဗိုလ်ဗိုလ်

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ တိုက် (ဒီ)၊
အခန်း ၂၀၈၊ ဒုတိယထပ်နေ (ဦးကြည်)-ဒေါ်ကြိုင်တို့၏သမီး

မသီတာ(ခ)သွယ်သွယ်

တို့၏ ၈-၅-၂၀၀၈ရက်တွင် ထိမ်းမြားမင်္ဂလာ လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းတရားရုံးမှ တရားသူကြီးနှင့် တရားရုံးချုပ်ရှေ့နေ ဒေါ်မြင့်မြင့်စန်းအားလည်းကောင်း၊ ၁၈-၅-၂၀၀၈ရက်တွင် ကျောက်ဆည်မွှေ့ရုံ ဓမ္မဗိမာန်၌ ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ ကူညီဝိုင်းဝန်းပေးကြသော မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဗိုလ်ဗိုလ်-မသီတာ။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်းနေ
ဦးအောင်ကြီး (Managing Director- Myanmar Multi Trade International Co.,Ltd.)-ဒေါ်လှမြင့်တို့၏သား

မောင်ခင်ဇော် (Director -Myanmar Multi Trade International Co.,Ltd.)

နှင့်

ပဲခူးတိုင်း၊ သုံးဆယ်မြို့၊ ဗိုလ်ချုပ်လမ်းနေ
ဦးအုန်းမောင်-ဒေါ်စန်းရီ (ထွန်းပုံနှိပ်တိုက်)တို့၏သမီး

မစန်းစန်းညွန့် (Horlick)

တို့၏ ၁၅-၅-၂၀၀၈ရက်တွင် မဟာသန္တိသုခကျောင်းတော်ကြီး၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ခင်ဇော်-မစန်းစန်းညွန့်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူအား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hitoshi Kimura ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium ဟိုတယ် Bago Room ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူအား ဂျပန်နိုင်ငံခြားရေး ဒုတိယဝန်ကြီး တွေ့ဆုံ

ရန်ကုန် မေ ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hitoshi Kimura သည် ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့နတ်မောက်လမ်းရှိ Chatrium ဟိုတယ် Bago Room ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာစကား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန် တက်ရောက်ပြီး ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki Nogawa၊ Asia and Oceania Affairs Bureau မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Kazuhide Ishikawa၊ First Southeast Asian Affairs Department မှ မြန်မာနိုင်ငံတာဝန်ခံ Mr. Hideyuki Yazama တို့လည်း တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံကြရာတွင် နှစ်နိုင်ငံ ဒုတိယဝန်ကြီးများသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်း ဖလှယ်ကြပြီး မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ဂျပန်နိုင်ငံအစိုးရက မြန်မာနိုင်ငံအား ကူညီ ပံ့ပိုးပေးမည့် လေဘေးအကူအညီဆိုင်ရာ ကိစ္စရပ်များကို အဓိက ဦးတည်ဆွေးနွေးကြသည်။

တည်ခင်းဧည့်ခံ

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဝန်ကြီး ဦးကျော်သူက ဂျပန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hitoshi Kimura အား အဆိုပါဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

စီးရီးအေချန်ပီယံဆုဖလား အင်တာမီလန် ဆွတ်ခူးနိုင်ခဲ့

မီလန် မေ ၁၈

အီတလီစီးရီးအေ ပွဲစဉ်(၃၈) နောက်ဆုံးပွဲစဉ်ကို မေ ၁၈ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ လက်ရှိချန်ပီယံ အင်တာမီလန်အသင်းက ပါးမားအိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ချန်ပီယံဆုဖလား ထပ်မံဆွတ်ခူးနိုင်ခဲ့သည်။

အနိုင်ရရှိထား

အင်တာမီလန်အသင်းအတွက် အနိုင်ဂိုးများကို ဒဏ်ရာကြောင့် နှစ်လကြာ အနားယူနေသော တိုက်စစ်မှူး အီဘရာဟင်မိုဗစ်က ဒုတိယပိုင်းတွင် သွင်းယူပေးခဲ့သည်။ အင်တာမီလန်တို့ ပထမပိုင်း၌ ဂိုးမသွင်းနိုင်ဘဲ ဖြစ်နေချိန်တွင် ရိုးမားအသင်းက ကာတာနီယာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

သွင်းယူပေး

အင်တာမီလန်နှင့် ရိုးမားတို့သည် ယင်းပြိုင်ပွဲ မစတင်မီက အင်တာမီလန်နောက်မှ ရိုးမားက တစ်မှတ်အကွာဖြင့် လိုက်နေသည်။ အင်တာမီလန်တို့ ပထမပိုင်းပြီးသည်အထိ ဂိုးမသွင်းနိုင်၍ ဖလားလက်လွှတ်ရတော့မည့် အချိန်ဖြစ်နေသည်။ သို့သော်လည်း ဒုတိယပိုင်းပြန်စသည်နှင့် အင်တာမီလန်အသင်းတွင် ဆီဆာအစား အီဘရာဟင်မိုဗစ် ဝင်ကစားခဲ့သည်။ အီဘရာဟင်မိုဗစ်က အင်တာမီလန်အသင်း ဖလားလက်လွှတ်ရတော့မည့်အချိန်တွင် ၆၂မိနစ်နှင့် ၇၉မိနစ်တို့၌ ဂိုးများသွင်းယူပေးနိုင်ခဲ့သည်။

သရေပွဲ

ယင်းပွဲတွင် ပါးမားတို့ ရှုံးနိမ့်ခဲ့သဖြင့် စီးရီးဘီသို့ ဆင်းသွားခဲ့ရသည်။ ရိုးမားနှင့် ကာတာနီယာပွဲသည်လည်း ကာတာနီယာအသင်းက ချေပဂိုးသွင်းယူခဲ့မှုကြောင့် ပွဲအပြီး တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့ရသည်။

စတုတ္ထနေရာ

ပွဲစဉ်၃၈အပြီး အင်တာမီလန်အသင်းသည် ရမှတ် ၈၅မှတ်ဖြင့် စီးရီးအေ ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့သည်။ ရိုးမားက ၈၂မှတ်ဖြင့် ဒုတိယလိုက်သည်။ ဂျူဗင်တပ်စ်က ရမှတ် ၇၂မှတ်ဖြင့် တတိယ၊ ဖီအိုရင်တီးနားအသင်းက ရမှတ် ၆၆မှတ်ဖြင့် စတုတ္ထနေရာရရှိသည်။

အင်တာမီလန်အသင်းအတွက် အဖွင့်ဂိုးကို အီဘရာဟင်မိုဗစ်က ဤသို့ သွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

ခြေစစ်ပွဲ

အမှတ်ပေးဇယား ၁နှင့် ၂ နေရာရ အင်တာမီလန်နှင့် ရိုးမားအသင်းတို့သည် လာမည့်နှစ် ချန်ပီယံလိဂ်နောက်ဆုံးပြိုင်ပွဲများသို့ ခြေစစ်ပွဲကန်စရာမလိုဘဲ ကစားခွင့်ရမည်ဖြစ်သည်။ အမှတ်ပေးဇယားတတိယနေရာရ ဂျူဗင်တပ်စ်နှင့် ဖီအိုရင်တီးနားတို့သည် လာမည့်နှစ်တွင် ချန်ပီယံလိဂ်ခြေစစ်ပွဲကစားခွင့်ရမည်ဖြစ်သည်။

ဝေးခဲ့ရ

ထိုနေ့က နာမည်ကြီး အေစီမီလန်အသင်းသည် အိမ်ကွင်း၌ အူဒီးနိစ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သော်လည်း ပဥ္စမနေရာသာရခဲ့၍ ချန်ပီယံလိဂ် အခွင့်အလမ်းနှင့် ဝေးခဲ့ရပြီဖြစ်သည်။

ပွဲစဉ် ၃၈ အပြီး အမ်ပိုလီ၊ ပါးမားနှင့် လီဗော်နိုအသင်းများ စီးရီးဘီသို့ တန်းဆင်းသွားခဲ့ရသည်။

အခြားပွဲရလဒ်

အေစီမီလန်	၄ -၁	**အူဒီးနိစ်**
အတ္တလန်တာ	၂ -၀	**ဂျီနိုအာ**
ကက်ဂလီယာရီ	၂ -၂	**ရက်ဂျီးနား**
အမ်ပိုလီ	၂ -၁	**လီဗော်နို**
လာဇီယို	၂ -၁	**နာပိုလီ**
ဆီနာ	၂ -၂	**ပါလာမို**
တိုရီနို	၀ -၁	**ဖီအိုရင်တီးနား**

(အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ အဆက်မပြတ်ပေးပို့ထောက်ပံ့

ရန်ကုန် မေ ၁၈

ဧရာဝတီတိုင်းအတွင်းရှိလေဘေးသင့်ဒေသများသို့ ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် အဆက်မပြတ် ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ထောက်ပံ့လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဘိုကလေးမြို့သို့ လည်းကောင်း၊ ကဒုံကနီသို့ လည်းကောင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ပစ္စည်းများကို ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၁၇ရက်က လေမုန်တိုင်းဒဏ်ကြောင့်ပြိုလဲသွားသော အထက(၁)ဗဟန်းမှ သစ်ပင်ကြီးများကို ကျောင်းအကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌဦးရဲငွေနှင့် အကယ်ဒမီအောင်ခိုင် ဦးစီးသော ကိုလူချောတို့အဖွဲ့ လုပ်အားဒါနအဖြစ် ခုတ်ထွင်ရှင်းလင်းကြစဉ်။ (က-ပ)

လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တပ်မတော်(လေ)မှ ဆက်လက်ပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၁၈

လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တပ်မတော်(လေ)မှ ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိရာ မေ ၁၈ရက်တွင် လက်ခုပ်ကုန်း၊ ကျုံဒါး၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ဖျာပုံ၊ ဘိုကလေး၊ စက်ဆန်း၊ မအူပင်၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ပိုးလောင်း၊ လှိုင်းဘုန်း၊ ကျားဟုန်ဒေသများတွင် ကယ်ဆယ်ရေးပစ္စည်းစုစုပေါင်း ၄ဒသမ၂တန်ကို တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ပြီး ယနေ့အထိ ကယ်ဆယ်ရေးပစ္စည်းစုစုပေါင်း ၃၆၂ဒသမ၃၁တန်ကို လေဘေးသင့်အရပ်ဒေသများသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ယခုနှစ်အတွင်း ကမ္ဘာ့ဆန်ထုတ်လုပ်မှုတန်ချိန် ၆၆၆ သန်းရှိမည် စံချိန်တင်ထွက်ရှိ၍ ကမ္ဘာ့ပြည်သူများ ဆန်အတွက် ပူစရာမလို

ရောမ မေ ၁၈

အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကတိုက်များ၏ ၂၀၀၈ခုနှစ် ဆန်ထုတ်လုပ်မှုသည် စံချိန်တင် များပြားလိမ့်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဆန်ဈေးမှာ ကာလတို အတိုင်းအတာအထိသာ ဈေးမြင့်နိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က ပြောကြားသည်။

၂၀၀၈ခုနှစ် ဆန်ထုတ်လုပ်မှုသည် ၂ဒသမ၃ရာခိုင်နှုန်းမြင့်တက်ကာ တန်ချိန် ၆၆၆သန်းအထိ ရှိလာမည်ဖြစ်ကြောင်း အက်ဖ်အေအို ဆန်ကျွမ်းကျင် ပညာရှင် ကွန်ဆက်စီယွန်ကယ်ပေက ပြောကြားသည်။

ကျော်လွန်

ဆန်ထုတ်လုပ်မှု တိုးတက်လာခြင်းသည် စိုက်ဧကများတိုးချဲ့စိုက်ပျိုးခြင်းနှင့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်ကောင်းများ အသုံးပြုနိုင်မှု များလာခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ အာရှဒေသ၏ ဆန်ထုတ်လုပ်မှုသည် ယခုနှစ်တွင် တန်ချိန်သန်း ၆၀၀ ကျော်လွန်လိမ့်မည်ဖြစ်ကြောင်း ကယ်ပေက ပြောကြားသည်။

အလားအလာရှိ

ယခုနှစ်အတွင်း ဆန်(ယာပုံ) အဓိကထွက်ရှိနိုင်သော နိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်သည်။ အင်ဒိုနီးရှားနှင့် သီရိလင်္ကာနိုင်ငံတို့သည်လည်း ဆန်အထွက်တိုးရန် အလားအလာရှိနေသော နိုင်ငံများ ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

စီချွမ်ပြည်နယ်၌ လှုပ်ခဲ့သောငလျင်ကြောင့် ပြည်သူ ငါးသန်းနီးပါး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရ

ပေကျင်း မေ ၁၈

တရုတ်နိုင်ငံတောင်ပိုင်း စီချွမ်ပြည်နယ် အနောက်ပိုင်း၌ မေ ၁၂ရက်က အင်အားပြင်း ငလျင်လှုပ်ခဲ့မှုကြောင့် ပြည်သူငါးသန်းနီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သတင်းထုတ်ပြန်

အဆိုပါ ငလျင်ကြောင့် လူဦးရေ ၂၈၈၈၁ ဦး သေဆုံးပြီး ထောင်ပေါင်းများစွာ ပျောက်ဆုံးနေကြောင်း၊ လူဦးရေ ၅၀၀၀၀အထိ သေဆုံးဖွယ်ရှိကြောင်း မေ ၁၆ရက်တွင် သက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

ယင်းငလျင်ဒဏ်ခံရသောဒေသများသို့ တရုတ်သမ္မတဟူကျင်တောင်သည် မေ၁၆ရက်ကရောက်ရှိခဲ့ပြီး အသက်ရှင်ကျန်ရစ်သူများကို အားပေးစကားပြောကြားကာ(**အပေါ်ပုံ**) ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ရန် မှာကြားသည်။

ပြင်းထန်

ထိုနေ့က လှုပ်ခဲ့သော ငလျင်သည် လူဦးရေ ၂၄၀၀၀၀ သေဆုံးခဲ့သည့် ၁၉၇၆ခုနှစ်က တန်ရှန်ငလျင်ထက် ပြင်းထန်သည်ဟု ဆိုသည်။

စီချွမ်ပြည်နယ်တွင် မေ ၁၆ရက် ညနေပိုင်းကလည်း အင်အား ၅ဒသမ၉ရှိ ငလျင်တစ်ခုထပ်မံလှုပ်ခဲ့သည်။ မြေပြိုမှုဖြစ်ပွားရာ မော်တော်ကားများ မြေပြိုပိမ့်မှု ဖြစ်ခဲ့သည်။ ငလျင်လှုပ်ပြီးနောက် လူဦးရေ ၄ဒသမ၈သန်းမှာ ယာယီ ရွက်ဖျင်တဲများဖြင့် နေကြရကြောင်း စီချွမ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး လီချန်ယွမ်က ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲ ကလေးနှစ်ဦးဒဏ်ရာရ

ကဘူးလ် မေ ၁၈

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ကို့စ် ပြည်နယ်တွင် မေ ၁၇ရက်က လမ်းဘေးဗုံး ပေါက်ကွဲမှု ဖြစ်ပွားရာ ကလေးငယ်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုမှာ ယင်းနေ့နံနက် စနာရီတွင် အမေရိကန်စစ်ယာဉ်တန်းအား အဓိကထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းကန်ဒါဟာပြည်နယ်တွင်လည်း မေရက်က စက်ဘီးဖြင့် ဗုံးဖောက်ခွဲမှု တစ်ရပ် ထပ်မံဖြစ်ပွားခဲ့ရာ တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာတစ်ဝန်း သစ်ပင် ခုနစ်ဘီလီယံအထိ စိုက်ပျိုးရန် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် လှုံ့ဆော်တိုက်တွန်း

အော့စလို မေ ၁၈

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရန်နှင့် ရာသီဥတုပြောင်းလဲမှု နွေးထွေးသွားရန် ရည်ရွယ်၍ ကမ္ဘာတစ်ဝန်း ၂၀၀၉ခုနှစ်ကုန်ပိုင်းအထိ သစ်ပင် ခုနစ်ဘီလီယံ ကမ္ဘာတစ်ဝန်းစိုက်ပျိုးသွားရန် လှုံ့ဆော်လိုက်သည်။

တိုက်တွန်း

ယခုမိုးရာသီမှစပြီး ကမ္ဘာတစ်ဝန်း ၂၀၀၉ ခုနှစ် နှစ်ကုန်ပိုင်းအထိ သစ်ပင် ခုနစ်ဘီလီယံ ပြည့်မီအောင် စိုက်ပျိုးရာတွင် လူတစ်ဦး သစ်ပင်တစ်ပင်နှုန်းဖြင့် စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ် ယူအင်န်အီးပီက တိုက်တွန်း ဆော်သြလိုက်သည်။

အဆိုပါ ကုလသမဂ္ဂပတ်ဝန်းကျင် ဖွံ့ဖြိုးမှုအစီအစဉ်က ၂၀၀၆ခုနှစ်ကုန်ပိုင်းမှ ၂၀၀၇ ခုနှစ်ကုန်ပိုင်းအထိ ကမ္ဘာတစ်ဝန်း သစ်ပင်တစ်ဘီလီယံစိုက်ပျိုးသွားရန်လှုံ့ဆော်ခဲ့သည်။ ထိုသို့လှုံ့ဆော်ခဲ့မှုကြောင့် အစိုးရများ၊ ကုမ္ပဏီများနှင့် တစ်သီးပုဂ္ဂလများ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက် ကမ္ဘာတစ်ဝန်းစိုက်ပျိုးခဲ့ရာ သစ်ပင်မျိုးစုံ နှစ်ဘီလီယံကျော်အထိ ရှိခဲ့သည်ဟု ဆိုသည်။

တိုးချဲ့စိုက်ပျိုး

ကုလသမဂ္ဂရာသီဥတုဆိုင်ရာ ကွန်ဖရင့်ကို ဒိန်းမတ်နိုင်ငံ၌ လာမည့်နှစ် နိုဝင်ဘာ ၃၀ ရက်တွင်ကျင်းပမည်ဖြစ်၍ နောက်ထပ် သစ်ပင် ငါးဘီလီယံ တိုးချဲ့စိုက်ပျိုးသွားရန် ယူအင်န်အီးပီက တိုက်တွန်းလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ကျွန်းပေါင်းများစွာနှင့် ဖွဲ့စည်းထားသော တွန်ဂါနိုင်ငံ

သတင်းအက်ဆေး



တွန်ဂါနိုင်ငံသည်ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းဒေသတွင်တည်ရှိသည်။ ဒေသတွင်းတွင် ကျွန်းပေါင်း၁၇၀ဖြင့် ပြန့်ကျဲတည်ရှိသော်လည်း စုစုပေါင်း အကျယ်အဝန်းဧရိယာမှာ ပျမ်းမျှ ဂျပန်နိုင်ငံ အရွယ်အစားမျှသာဖြစ်သည်။

ဗြိတိန်က တွန်ဂါနိုင်ငံကို တရားဝင်လက်အောက်ခံနိုင်ငံ မပြုလုပ်ခဲ့သော်လည်း အစောင့်ရှောက်ခံဘဝသို့ ကျရောက်ခဲ့ပြီးနောက် ၁၉၇၀ပြည့်နှစ်တွင်မှ လုံးဝလွတ်လပ်သည့် နိုင်ငံဖြစ်လာသည်။

ပိုမိုများပြား

ဤနိုင်ငံ၌အရေးပါသည့် တွင်းထွက်သယံဇာတ ထွက်ရှိခြင်းမရှိ၊ အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်းနှင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်သူများက ပြန်ပို့သော ဝင်ငွေတို့အပေါ်တွင် မှီခို အားထားနေရသည်။ နယူးဇီလန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်သူ များပြားသည်။ အလုပ်လက်မဲ့ဦးရေမှာ လူငယ်များအတွင်း ပိုမိုများသည်။

သုံးကြိမ်တိုင်

တွန်ဂါနိုင်ငံကို ဒတ်ချ်နယ်မြေသစ် ရှာဖွေသူများက ၁၆၁၆ခုနှစ်တွင် တွေ့ရှိခဲ့သည်။ ၁၇၇၃-၇၇ခုနှစ်များတွင် ဗြိတိသျှနယ်သစ်ရှာဖွေသူ ကက်ပတိန်ကွတ်တို့ သုံးကြိမ်တိုင်ရောက်ရှိသည်။ ၁၈၂၀ပြည့်လွန်နှစ်များတွင် အင်္ဂလန်မှ သာသနာပြုအဖွဲ့များ ရောက်လာသည်။

၁၈၇၅ခုနှစ်တွင် တော်ဖာအဟော်တူပူက ဂျော့တူပူ-၁ အမည်ခံကာ တွန်ဂါဘုရင်စနစ်ကို ထူထောင်သည်။ ၁၉၀၀ပြည့်နှစ်တွင် ဗြိတိသျှ အစောင့်အရှောက်ခံဖြစ်လာသည်။ ၁၉၆၅ခုနှစ်တွင်တွန်ဂါဘုရင်မကြီးသည် တူပူ-၃ ကွယ်လွန်သဖြင့် သားဖြစ်သူ တော်ဖာအဟော်တူပူ တွန်ဂါထီးနန်းကိုဆက်ခံသည်။ ၁၉၇၀ပြည့်နှစ်တွင် တွန်ဂါနိုင်ငံသည် ဗြိတိသျှ ဓနသဟာယအဖွဲ့ အတွင်း လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။

၁၉၉၄ခုနှစ်တွင် ပထမဆုံး နိုင်ငံရေးပါတီအဖြစ် တွန်ဂါဒီမိုကရက်တစ်ပါတီကိုထူထောင်သည်။ နောက်ပိုင်းပြည်သူ့ပါတီအဖြစ် အမည်ပြောင်းသည်။

၂၀၀၅ပြည့်နှစ် မတ်လတွင် ရွေးချယ်တင်မြှောက်ခံရသည့် အမတ်များ ပထမဆုံးအကြိမ်အဖြစ် အစိုးရအဖွဲ့တွင် စတင်တာဝန်ယူသည်။ ယခင်က အစိုးရအဖွဲ့ဝင် ဝန်ကြီးအားလုံးကို တော်ဝင်မိသားစုက ခန့်အပ်တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

နတ်ရွာစံ

၂၀၀၆ခုနှစ်စက်တင်ဘာလတွင် ဘုရင်တော်ဖာအဟော်တူပူ-၄မှာ ကာလရှည်ကြာစွာ နာမကျန်းဖြစ်ပြီးနောက် နတ်ရွာစံသွားသည်။ အိမ်ရှေ့မင်းသား ဂျော့တူပူ-၅ တွန်ဂါဘုရင် ဖြစ်လာသည်။

၂၀၀၇ခုနှစ် ဇူလိုင်လတွင် တွန်ဂါနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)၏ ၁၅၁ခုမြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

ပြုပြင်ပြောင်းလဲမှု

၂၀၀၈ခုနှစ် ဧပြီလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဟောင်းအရ နောက်ဆုံးကျင်းပသည့် ရွေးကောက်ပွဲနှင့် ဒီမိုကရေစီလိုလားသော လှုပ်ရှားမှုအဖွဲ့က ပါလီမန်၌ ရွေးချယ်တင်မြှောက်ရသည့် အမတ်ကိုးနေရာစလုံးကို ရရှိလိုက်သည်။ ပါလီမန်၌ အမတ်အများစုကို ပြည်သူက ရွေးချယ်တင်မြှောက်ရမည့် ၂၀၁၀ပြည့်နှစ်တွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် အစိုးရကအဆိုပြုထားသည်။

တွန်ဂါပြည်သူ အားလုံးလိုလိုပင် ပိုလီနီးရှန်းများဖြစ်သည်။ ပြည်တွင်း၌ အလုပ်လက်မဲ့ဦးရေ များလာသဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သူ များပြားလာသည်။ ၎င်းတို့က ပြန်ပို့သည့်ငွေကြေးမှာ ပမာဏအားဖြင့် အားထားရလောက်သည်။

ပြုပြင်ပြောင်းလဲခြင်းဖြင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးရေးကို လျင်မြန်မည်ဟုလည်း မျှော်မှန်းထားသည်။

အခွင့်အလမ်းကောင်း

တွန်ဂါနိုင်ငံ၏ကျွန်းပေါင်းများစွာမှ ပင်လယ်ကမ်းခြေများ၊ မိုးသစ်တောများနှင့် မီးတောင်ရှင်များသည် ခရီးသွားလုပ်ငန်းအတွက် အခွင့်အလမ်းကောင်းများပင်ဖြစ်သည်။ အနာဂတ်မျှော်မှန်းချက်ကို အမြန်ဖြည့်ဆည်းပေးမည့် အရာများပင် ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ဤနိုင်ငံ၌ အရေးပါသည့် တွင်းထွက်သယံဇာတ ထွက်ရှိခြင်းမရှိ၊ အဓိကအားဖြင့် လယ်ယာ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်းနှင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်သူများက ပြန်ပို့သော ဝင်ငွေတို့ အပေါ်တွင် မှီခိုအားထားနေရ။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မန်ယူတောင်ပံကစားသမားစီရိုနယ်ဒို စပိန်သို့ပြောင်းရန်စဉ်းစားဖွယ်ရှိနေ

လန်ဒန် မေ ၁၈

ချန်ပီယံလိဂ်ဗိုလ်လုပွဲပြီးလျှင် မိမိ၏အနာဂတ်အတွက် စဉ်းစားရမည်ဖြစ်ကြောင်း မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုက ပြောကြားသည်။ **(ယာပုံ)**

ဆက်သွယ်

အသက် ၂၃နှစ်ရှိ စီရိုနယ်ဒိုသည် ယခုနှစ်ဘောလုံးရာသီအတွင်း မန်ယူအတွက်ဂိုးပေါင်း ၄၁ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ၄င်းအားရီးရဲမက်ဒရစ်အသင်းက ခေါ်ယူရန်အဆက်အသွယ်ပြုလုပ်ထားသည်။

"မိမိသည် မန်ယူတွင်ကစားရသည်မှာ ပျော်ရွှင်ပါကြောင်း၊ သို့သော်လည်း ချန်ပီယံလိဂ်ဗိုလ်လုပွဲပြီးလျှင် မည်သို့ဖြစ်လာမည်ကို မပြောနိုင်သေးကြောင်း" စီရိုနယ်ဒိုက စပိန်ရုပ်မြင်သံကြားသို့ ပြောကြားသည်။

"မိမိသည် အင်္ဂလန်မှာနေအိမ်ရှိကြောင်း၊ ငါးနှစ်ကြာ နေခဲ့ပြီးပြီ ဖြစ်ကြောင်း၊ ပိုမိုကောင်းမွန်သောအနာဂတ်အတွက် စဉ်းစားရန်လိုကြောင်း၊ မိမိအနေဖြင့်စပိန်သို့ပြောင်းရွှေ့ကစားရန်လိုလားကြောင်း၊ အကြိမ်များစွာပြောခဲ့ပြီးဖြစ်ကြောင်း" စီရိုနယ်ဒိုကပြောကြားသည်။

ပေါ်တူဂီကစားသမား စီရိုနယ်ဒိုသည် ပြီးခဲ့သည့်နှစ်က မန်ယူနှင့်စာချုပ် ထပ်မံချုပ်ဆိုထားရာ ၂၀၁၂ခုနှစ်အထိ အိုးထရက်ဖို့ဒ်၌ ဆက်လက်ကစားရမည်ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် မန်ယူဖလားဆွတ်ခူးနိုင်သည့်နှစ်များတွင် အဓိကနာမည်ကြီး ကစားသမားများကို ခေါ်ယူလေ့ရှိသည်။ **(အင်တာနက်)**

ယူအီးအက်ဖ်အေဖလား ရုရှားကလပ်ဇီးနစ်ဆွတ်ခူး

မော်စကို မေ ၁၈

ယူအီးအက်ဖ်အေဖလားဗိုလ်လုပွဲ၌ ရိန်းဂျားစ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး ဗိုလ်စွဲနိုင်ခဲ့၍ ဂုဏ်ယူဝမ်းမြောက်မိကြောင်း အသင်းနည်းပြအက်ဒ်ဗိုကက်ကပြောကြားလိုက်သည်။

မိမိတို့အသင်းသည် ရိန်းဂျားစ်ကို ထိုက်ထိုက်တန်တန်ဖြင့်နိုင်ပြီး ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုရှားဘောလုံးအသင်းအတွက်လည်း များစွာအထောက်အကူ ပြုနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း နည်းပြ အက်ဒ်ဗိုကက်က ဆက်လက်ပြောကြားသည်။

ဇီးနစ်အသင်းဆွတ်ခူးနိုင်ခဲ့သည့် ယူအီးအက်ဖ်အေဖလားသည် ရုရှားကလပ်အနေဖြင့် ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ၄င်းအသင်းသည် ယူအီးအက်ဖ်အေဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

တိုက်စစ်မှူးပါရီနှင့် ဘယ်လာမီ ဝေလအသင်း၌ ပြန်လည်ကစားမည်

လန်ဒန် မေ ၁၈

ဝေလတိုက်စစ်မှူးများဖြစ်ကြသည့် ပေါလ်ပါရီ**(ယာပုံ)**နှင့် ဘယ်လာမီတို့အား ဝေလအသင်းကပြန်လည်ခေါ်ယူထားသည်။

ဝေလအသင်းနှင့် အိုက်စလန်အသင်းတို့သည် မေ ၂၈ရက်တွင် ချစ်ကြည်ရေးကစားမည်ဖြစ်သလို ဇွန် ၁ရက်၌ နယ်သာလန်အသင်းနှင့် ဆက်လက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အသက်၂၇နှစ်ရှိ ပါရီသည် အက်ဖ်အေဖလားဗိုလ်လုပွဲရောက် ကာဒစ်အသင်း၏ တိုက်စစ်မှူးဖြစ်သည်။ ၄င်းအားဝေလအသင်းက ၁၈လကြာ ခေါ်ယူကစားခဲ့ခြင်းမရှိပေ။ ဝေလအသင်းခေါင်းဆောင် ဘယ်လာမီသည် ဝမ်းဗိုက်ဒဏ်ရာရရှိထားသဖြင့် ဖေဖော်ဝါရီလမှစ၍ ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိပေ။

ဝေလအသင်းသည် ဩဂုတ် ၂၀ရက်တွင် ဂျော်ဂျီယာအသင်းနှင့်လည်းကောင်း၊



စက်တင်ဘာ ၆ရက်တွင် အဇာဘိုင်ဂျန်အသင်းနှင့် လည်းကောင်း ချစ်ကြည်ရေးပွဲများ ကစားရန် စီစဉ်ထားသည်။ ဝေလအသင်းသည် လာမည့် ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်နိုင်ရေးအတွက် ချစ်ကြည်ရေးပွဲများ ကစားရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ဝေလအသင်းနည်းပြ ဋွန်တိုရှက်ခ်က ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ် တင်းနစ်ကစားခြင်းမှ အနားယူရန် ကြေညာ

ဘရပ်ဆဲလ် မေ ၁၇

ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ် ဂျူစတင်ဟေနင်သည် တင်းနစ်လောကမှ အနားယူရန် အစီအစဉ်မရှိဘဲ ကြေညာလိုက်သည်။

အသက် ၂၅နှစ်ရှိ ဘယ်ဂျီယံနိုင်ငံသူ ဂျူစတင်ဟေနင်သည် မေ ၁၄ရက်က တင်းနစ်လောကမှ အနားယူမည်ဟု ကြေညာလိုက်ခြင်းဖြစ်သည်။ တင်းနစ်လောကမှ အနားယူရန် ကာလအချိန်ကြာမြင့်စွာကပင် စဉ်းစားခဲ့ခြင်းဖြစ်ကြောင်း ဂရင်းဆလမ်ဖလားခုနစ်လုံး ဆွတ်ခူးနိုင်ခဲ့သည့် ဂျူစတင်ကပြောကြားသည်။

ဂျူစတင်သည် ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားသမားအဖြစ် ယခုသီတင်းပတ်အထိ ၁၁၇ကြိမ်တိုင်အောင် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။ သို့သော်လည်း ၄င်းသည် ရောမ၌ ကျင်းပသော မာစတာဖလားပြိုင်ပွဲတွင် ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ဘယ်လ်ဂျီယံတင်းနစ်မယ်သည် ယခုနှစ် တင်းနစ်အားကစားရာသီတွင် အဆိုးရွားဆုံးရှုံးနိမ့်မှုများနှင့် ရင်ဆိုင်နေရသည်။ လွန်ခဲ့သောလေးလအတွင်း ပြိုင်ပွဲများယှဉ်ပြိုင်ခဲ့ရာတွင် လေးပွဲရှုံးနိမ့်ခဲ့ရသည်။

ဂျူစတင်ဟေနင်သည် ပြင်သစ်အိုးပင်း မစတင်မီ နှစ်ပတ်အလိုကပင် တင်းနစ်လောကမှ အနားယူရန်သတင်းများ ထွက်ပေါ်ခဲ့သည်။ ၄င်းသည် ပြင်သစ်အိုးပင်းဖလားကို လေးကြိမ်တိုင်ဆွတ်ခူးခဲ့သူ ဖြစ်သည်။ ထို့အပြင် ဒဗလျူတီအေ တစ်ဦးချင်း ဖလား ၄၁လုံး ဆွတ်ခူးနိုင်ခဲ့သူလည်း ဖြစ်သည်။ (အင်တာနက်)

ကွင်းလယ်ကစားသမားဒေကို ဘာစီလိုနာမှထွက်ခွာမည်

ဘာစီလိုနာ မေ ၁၈

ပေါ်တူဂီကွင်းလယ် ကစားသမားဒေကိုအား စိတ်ဝင်စားနေသော ကလပ်များနှင့် ဆွေးနွေးခဲ့ပြီးနောက် အင်္ဂလန်သို့ ပြောင်းရွှေ့နိုင်ကြောင်း ဘာစီလိုနာက ပြောကြားသည်။

မိမိသည်အင်္ဂလန်သို့မဟုတ် အီတလီသို့ ပြောင်းရွှေ့ကစားရန် သေချာနေပြီဖြစ်ကြောင်း၊ စပိန်၌ မကစားလိုတော့ကြောင်း၊ ဘာစီလိုနာနှင့်အဆင့်အတန်းတူညီသည့် ရီးရဲမက်ဒရစ်သို့လည်း ပြောင်းရွှေ့လိမ့်မည်မဟုတ်ကြောင်း ဘရာဇီးနိုင်ငံဖွား ဒေကိုကပြောကြားသည်။ **(ယာပုံ)**

ဒေကိုသည် ပေါ်တူဂီကလပ် ပေါ်တိုကို ၂၀၀၄ခုနှစ်က ချန်ပီယံလိဂ်ဖလား၊ ပြည်တွင်းလိဂ်ဖလားများ ဆွတ်ခူးပေးခဲ့ပြီးနောက် ပေါ်တူဂီမှ ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားခဲ့သည်။ **(အင်တာနက်)**

အင်တာနက်သတင်းအတိုအထွာ

- ☐ လီဗာပူးတိုက်စစ်မှူးဟောင်းဆစ်စီက ပရီမီယာလိဂ်တွင် တစ်ဖန်ပြန်ကစားလိုသည်ဆိုသည်။
- ➤ **ဘာစီလိုနာ တိုက်စစ်မှူးဧရာ်နယ်ဒင်ဟိုအား မန်စီးတီးအသင်းက ပေါင် ၂၄သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ပေါင်သန်း ၂၀ဖြင့် နောက်ဆုံးကမ်းလှမ်းခဲ့သော အေစီမီလန်အသင်းသို့သာ သွားလိုသည်ဟုဆိုသည်။**
- ☐ ဘာစီလိုနာအသင်းက လာမည့်ရာသီအတွက် နာမည်ကြီးကစားသမားတစ်ဦး ဝယ်ယူရန် တိုက်စစ်မှူးအီတူးအား ပေါင်သန်း ၃၀ဖြင့်ရောင်းထုတ်ရန် စီစဉ်သော်လည်း ယင်းကစားသမားက အသင်းမှ မထွက်ခွာလိုဟုဆိုသည်။
- ➤ **ချယ်လ်ဆီးခံစစ်မှူးကာဗယ်ဟိုက ၄င်းအနေဖြင့် လာမည့်ရာသီတွင် အသင်း၌ ဆက်ရှိနေရန်မှာ မသေချာဟုဆိုသည်။**
- ☐ ရီးရဲသို့ ထွက်ခွာရန် အစီအစဉ်မရှိကြောင်း အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်က ထပ်မံအတည်ပြုပြောကြားသည်။
- ➤ **အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ပြင်သစ်ခံစစ်မှူး လီလီယန်သူရမ်အား ခေါ်ယူရန် စိတ်အားထက်သန်နေသည်။**
- ☐ ပို့စ်မောက်နည်းပြ ဟာရီရက်နက်အနေဖြင့် အက်ဖ်အေဖလား ရရှိအောင် စွမ်းဆောင်ပေးနိုင်ပါက ဆုကြေးအဖြစ် ပေါင် ၇၅၀၀၀၀ရရှိမည်ဟု သတင်းတွင် ဖော်ပြသည်။
- ➤ **မန်ယူခံစစ်မှူး ဆီဗက်စတာသည် ဘော်ဒိုအသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း ဖွင့်ဟပြောကြားသည်။**

သမိုင်းမှတ်တမ်းတင်မယ့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ မန်ယူနဲ့ချယ်လ်ဆီးတို့ ဖလားပိုင်ရှင်ဘယ်သူဖြစ်မလဲ

လန်ဒန် မေ ၁၈

ဥရောပမှာသာမက ကမ္ဘာ့ဘောလုံးလောကမှာပါ ကြီးကျယ်တဲ့ဘောလုံးပြိုင်ပွဲလို့ သတ်မှတ်ခံထားရတဲ့ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို ရုရှားနိုင်ငံ မော်စကိုမြို့မှာရှိတဲ့ ပရိသတ် ၇၀၀၀၀ဆံ့ လုဇ်နီကီဘောလုံးကွင်းမှာ မေ ၂၂ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅မိနစ်မှာ မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ရေကုန်ရေခန်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြတော့မှာ ဖြစ်ပါတယ်။

ကြိုတင်ရင်ခုန်

ဒီနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ အထူးခြားဆုံးကတော့ အင်္ဂလိပ် ပရီမီယာလိဂ်ထိပ်တန်းအသင်းနှစ်သင်း နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်လာခဲ့တာဖြစ်ပြီး ချန်ပီယံလိဂ် သမိုင်းတစ်လျှောက်မှာ အင်္ဂလိပ်ပရီမီယာလိဂ်နှစ်သင်းရဲ့ပထမဆုံး ဗိုလ်လုပွဲလည်း ဖြစ်နေလို့ပါပဲ။ ဒါ့အပြင် ဒီနှစ်ပရီမီယာလိဂ်ဖလား ဗိုလ်စွဲဖို့အတွက်လည်း ဒီနှစ်သင်းပဲ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြတာမို့ ကမ္ဘာ့ဘောလုံးပရိသတ်တွေလည်း ဒီတစ်ပွဲတော့ ဘယ်အသင်း ဖလားပိုင်ရှင်ဖြစ်မလဲဆိုတာ ကြိုတင်ရင်ခုန်နေကြပြီဖြစ်ပါတယ်။

ဒါကြောင့် မန်ယူနဲ့ချယ်လ်ဆီးအသင်းတို့ရဲ့အနေအထားကို သုံးသပ်ကြည့်တဲ့

ရွန်နေ မန်ယူအတွက် ဂိုးသွင်းပြီး ဖလားယူပေးမှာလား။

အခါ မန်ယူဟာ ချန်ပီယံလိဂ်ဖလားကို နှစ်ကြိမ် ရရှိခဲ့ဖူးတဲ့ အသင်းဖြစ်ပြီး နောက်ဆုံး ရရှိခဲ့တဲ့နှစ်က ၁၉၉၈-၉၉ ခုနှစ်ဆိုတော့ ကိုးနှစ်အကြာမှာ ချန်ပီယံလိဂ်ဖလားကို တတိယအကြိမ်မြောက် ဆွတ်ခူးဖို့ အခွင့်အရေးကောင်းရရှိနေတဲ့ အချိန်ဖြစ်ပါတယ်။

တက်ရောက်

မန်ယူအသင်းဟာ ၁၉၉၈-၉၉ခုနှစ် ချန်ပီယံလိဂ်ဖလား ရယူခဲ့တုန်းက ပြိုင်ပွဲတစ်လျှောက်ရှုံးပွဲမရှိခဲ့ဘဲ နိုင်ပွဲ၊ သရေပွဲတွေနဲ့ ဗိုလ်လုပွဲ ရောက်ခဲ့တာဖြစ်ပြီး ချန်ပီယံလိဂ်ဖလားကိုရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ မန်ယူရဲ့ ဖြတ်သန်းရာ လမ်းခရီးကို ငဲ့စောင်းကြည့်ရင် ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်မှာ မန်ယူဟာ လိုင်ယွန်နဲ့ အိမ်ကွင်းမှာ တစ်ဂိုး- ဂိုးမရှိနဲ့ နိုင်ပြီး အဝေးကွင်းမှာ လိုင်ယွန်နဲ့ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တာမို့ မန်ယူတို့နှစ်ပွဲပေါင်း ရလဒ်နှစ်ဂိုး -တစ်ဂိုးနဲ့ ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။

မန်ယူဟာ ကွာတားဖိုင်နယ်မှာ ပြိုင်ဘက်ဟောင်း ရိုးမားနဲ့ဆုံတွေ့ခဲ့ပါတယ်။ ရိုးမားနဲ့ကစားတဲ့အခါ မန်ယူဟာ အိမ်ကွင်းမှာ တစ်ဂိုး- ဂိုးမရှိနဲ့ အနိုင်ယူပြီး အဝေးကွင်းမှာ နှစ်ဂိုးပြတ်နဲ့အနိုင်ရရှိခဲ့တာမို့ နှစ်ပွဲရလဒ်သုံးဂိုးပြတ်နဲ့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲကို ထိုက်ထိုက်တန်တန် တက်ရောက်ခဲ့ပါတယ်။ အကြိုဗိုလ်ပွဲမှာတော့ ဒီနှစ်ချန်ပီယံလိဂ်ဖလား ရမယ်လို့ ရေပန်းအစားဆုံးဖြစ်နေတဲ့ ဘာစီလိုနာနဲ့ ဆုံတွေ့ခဲ့ရပေမယ့် ဘာစီလိုနာကို အဝေးကွင်း၊ အိမ်ကွင်းနှစ်ပွဲပေါင်းရလဒ် တစ်ဂိုး- ဂိုးမရှိနဲ့ အနိုင်ယူပြီး အခုလို နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်။

ခြေစွမ်းပြနိုင်

ဒါကြောင့် မန်ယူဟာ ဒီနှစ် ပရီမီယာလိဂ်ရဲ့ ၁၆သင်းရှုံးထွက်ပွဲစဉ်တွေကစပြီး နောက်ဆုံးဗိုလ်လုပွဲရောက်တဲ့အထိ ပေးဂိုး တစ်ဂိုးသာရှိခဲ့သလို သွင်းဂိုးက ခြောက်ဂိုးရှိခဲ့ပါတယ်။ ဒါ့အပြင်မန်ယူရဲ့ နောက်ဆုံးကစားခဲ့တဲ့၁၅ပွဲ ရလဒ်ကို ကြည့်ရင် ရှုံးပွဲတစ်ပွဲပဲရှိခဲ့တာမို့ ခြေစွမ်းပြနိုင်တဲ့ အနေအထားရှိပါတယ်။

လက်ရှိအချိန်မှာ မန်ယူရဲ့ တောင်ပံကစားသမားစီရိုနယ်ဒိုဟာ ချန်ပီယံလိဂ်မှာ ရှစ်ဂိုးသွင်းထားနိုင်လို့ လက်ရှိမှာတော့ ဂိုးအများဆုံးသွင်းထားသူအဖြစ် ရပ်တည်နေပါတယ်။ ဒါ့အပြင် မန်ယူရဲ့အဓိက ကစားသမားတွေအားလုံး ပါဝင်ကစားနိုင်တဲ့ အနေအထားလည်းရှိတာမို့ အသင်းရဲ့ ဟန်ချက်မပျက်ဘဲ ကစားနိုင်စွမ်းရှိမှာ သေချာပါတယ်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲရဲ့ အကျပ်အတည်းတွေကို ကောင်းကောင်းကြုံတွေ့ဖြတ်သန်းခဲ့ဖူးတဲ့ အတွေ့အကြုံရှိတဲ့နည်းပြဖာဂူဆန်ဟာ ဒီပွဲကိုဘယ်လိုကိုင်တွယ်ရမယ်ဆိုတာ ကောင်းကောင်းသိနေသူဖြစ်ပါတယ်။

ဒါ့အပြင် မန်ယူနဲ့ချယ်လ်ဆီးတို့ရဲ့ ဆုံတွေ့မှုပွဲပေါင်း ၁၅၀မှာ မန်ယူက ၆၅ပွဲနိုင်ပြီး ချယ်လ်ဆီးက ၄၁ပွဲအနိုင်ရသလို သရေပွဲက ၄၄ပွဲဖြစ်ခဲ့တာမို့ မန်ယူတို့ ချယ်လ်ဆီးနဲ့ဆုံတိုင်း အသာစီးတော့ ရခဲ့တာပါပဲ။ ဒါကြောင့်လက်ရှိအနေအထားမှာ မန်ယူတို့က ပရီမီယာလိဂ်ဖလားရော ချန်ပီယံလိဂ်ဖလားပါ သိမ်းကျုံးရယူမယ့် စိတ်ဓာတ်တွေ ဆူဝေနေချိန်ဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအရ မန်ယူဟာချန်ပီယံလိဂ်ဖလားရယူနိုင်တဲ့ အနေအထားရှိပေမယ့် ခက်ခက်ခဲခဲတော့ ကစားရမှာ သေချာနေပါတယ်။

ချယ်လ်ဆီးအသင်းကတော့ ချန်ပီယံလိဂ် သမိုင်းမှာ ဖလားတစ်ကြိမ်မှ မရခဲ့ဖူးသေးတဲ့ အသင်းဖြစ်လို့ ဒီလိုနောက်ဆုံးဗိုလ်လုပွဲမှာ ဖလားရရေးတစ်ခုတည်းနဲ့ အာရုံစိုက်ကစားပါလိမ့်မယ်။ ဒီနှစ်ဘောလုံးရာသီမှာ ဖလားလက်မဲ့အဖြစ်မျိုးကိုတော့ အသင်းပိုင်ရှင်အီဗရာဟင်မိုဗစ်ချ်ရော အသင်းနည်းပြဂရန့်ပါလက်ခံမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီပွဲကို ခြေကုန်ကစားပါလိမ့်မယ်။

ချယ်လ်ဆီးအသင်းဟာ ဒီနှစ်ဘောလုံးရာသီမှာ သရေပွဲတွေများခဲ့တာ မှန်ပေမယ့် ခြေစွမ်းအတည်ငြိမ်ဆုံးအသင်း ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းအတွက် ဒရော့ဘာ၊ လမ်းပတ်၊ အက်ဆီယံ၊ တယ်ရီတို့ကတော့ အခုလိုချန်ပီယံလိဂ်ဗိုလ်လုပွဲ ရောက်အောင် အဓိကစွမ်းဆောင်ပေးခဲ့ကြတဲ့သူတွေပါပဲ။ လောလောဆယ်မှာတော့ တယ်ရီဟာ တံတောင်ဆစ် ဒဏ်ရာရရှိထားသလို ဒရော့ဘာလည်း ခြေထောက်ဒဏ်ရာရရှိထားပါတယ်။ ဒီအတွက် ဗိုလ်လုပွဲမှာ ကြံ့ခိုင်မှုအပြည့်နဲ့ ပါဝင်ကစားဖို့တော့ မလွယ်ပါဘူး။

ချယ်လ်ဆီးကွင်းလယ်ဖန်တီးရှင် လမ်းပတ်။

ချယ်လ်ဆီးအသင်းရဲ့ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲအရောက် ဖြတ်သန်းခဲ့ရတဲ့အနေအထားကိုကြည့်ရင် အုပ်စု(ခ) အုပ်စုပွဲစဉ်မှာ သုံးပွဲနိုင်၊ သုံးပွဲသရေနဲ့ ၁၂မှတ် ရပြီး ရှုံးပွဲမရှိ အုပ်စုဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်ကို တက်ရောက်ခဲ့ပါတယ်။ ဒုတိယအဆင့် အုပ်စုပွဲစဉ်မှာ အိုလံပီယာကို့စ်နဲ့ အဝေးကွင်း၊ အိမ်ကွင်း နှစ်ပွဲပေါင်းရလဒ် သုံးဂိုးပြတ်နဲ့ ကွာတားဖိုင်နယ် တက်ရောက်ခဲ့တာဖြစ်ပါတယ်။

ကွာတားဖိုင်နယ်မှာ ချယ်လ်ဆီးအသင်းဟာ ဖီနာဘာချီအသင်းကို နှစ်ပွဲပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးနဲ့ အကြိတ်အနယ် ကစားပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်လာတာဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲမှာ လီဗာပူးနဲ့ အဝေးကွင်း၊ အိမ်ကွင်းကစားတဲ့အခါ လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိပြီး နောက်ဆုံး ဗိုလ်လုပွဲ တက်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ချယ်လ်ဆီး အသင်းဟာ ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်ကနေပြီး ဗိုလ်လုပွဲအထိ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်တွေနဲ့ သွင်းဂိုး ၁၀ဂိုး၊ ပေးဂိုး လေးဂိုး ရှိခဲ့ပါတယ်။

စိတ်ဓာတ်မြင့်မား

ဒါကိုကြည့်ရင် မန်ယူတို့က ချယ်လ်ဆီးထက်သွင်းဂိုးနည်းပေမယ့် ပေးဂိုးတစ်ဂိုးသာရှိခဲ့လို့ ခံစစ်ပိုင်းမှာ ပိုသိပ်သည်းကြောင်း ပြသနေပါတယ်။ နှစ်သင်းစလုံး စိတ်ဓာတ်အပိုင်းကိုကြည့်ရင် မန်ယူကလည်း ပရီမီယာလိဂ်ဖလား ပူပူနွေးနွေးရရှိထားလို့ စိတ်ဓာတ်တက်ကြွနေသလို ချယ်လ်ဆီးတို့ကလည်း တစ်ကြိမ်မှ မရဖူးသေးတဲ့ ချန်ပီယံလိဂ်ဖလားကို ရယူဖို့ စိတ်ဓာတ်မြင့်မားနေချိန်ဖြစ်ပါတယ်။

စိတ်ဓာတ်၊ ကစားအားနဲ့ တစ်ဦးချင်း ခြေစွမ်းမကွာတဲ့ မန်ယူနဲ့ချယ်လ်ဆီးတို့ရဲ့ သမိုင်းဝင် ချန်ပီယံလိဂ် ဗိုလ်လုပွဲကတော့ ပရိသတ်ရင်ကို စွဲကိုင်လှုပ်ယမ်းနိုင်စွမ်းရှိဦးမည် ဖြစ်ပါကြောင်း။ ။

သုံးသပ်တင်ပြသူ
မောင်မောင်မြင့်ဆွေ

ဘိုကလေးမြို့နယ် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌အသုံးပြုရန် သစ်များပေးပို့

ရန်ကုန် မေ ၁၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၁၃ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ လေဘေးသင့်ပြည်သူများနေထိုင်ရန် ရွက်ဖျင်တဲများ တည်ဆောက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြောကြား

ထို့နောက် ဝန်ကြီးသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ထူးကုမ္ပဏီမှ ကျောင်းဆောင်များပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးကာ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေနေမှု၊ သောက်ရေသန့်များ စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် အရှေ့သံလွင်ကုမ္ပဏီမှ လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးအလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးရာ အရှေ့သံလွင်ကုမ္ပဏီမှ ဦးထွန်းကျော်က ငွေကျပ်သိန်း၃၀နှင့် အမေရိကန်ဒေါ်လာ ၃၀၀၀ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် ဘိုကလေးမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအား ပြုပြင်တည်ဆောက်ထားရှိမှု၊ ရေသန့်စက်အသုံးပြု ရေပေးဝေမှု၊ ဆေးဝါးကုသမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လူနာများအား အားပေးစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေးစခန်းသို့ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကိုယ်စား ဦးဂဲနက်(စ်)က ဆန်အိတ် ၁၅၀၊ မီးဖိုချောင်သုံးပစ္စည်းစုံအိတ်များ၊ ဆေးရည်စိမ်ခြင်ထောင်များ၊ တာပေါ်လင်စများ၊ အဝတ်အထည်များ၊ အိမ်အသုံးအဆောင်ပစ္စည်းများ စုစုပေါင်းငွေကျပ်သိန်း ၃၅၀ တန်ဖိုးကို ပေးအပ်လှူဒါန်းသည်။

မေ ၁၄ရက် နံနက်ပိုင်းတွင် ဝန်ကြီးသည် ဘိုကလေးမြို့နယ် ကမာကလူကျေးရွာ သာသနာ့ပဓ္ဓောတိကာရုံကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းဓမ္မာရုံအတွင်းရှိ လေဘေးသင့်ပြည်သူများအား ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ဝန်ကြီးသည် ဆရာတော် ဘဒ္ဒန္တ ဣန္ဒာသီရိအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်း၍ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မေ ၁၈ရက်က ရောဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် လေဘေးကယ်ဆယ်ရေးစခန်းတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများထံ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေး ပစ္စည်းများ ဆက်လက်ပေးပို့

ရန်ကုန် မေ ၁၈

ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များမှ လေဘေးသင့်ပြည်သူများထံ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပေးပို့လျက်ရှိရာ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန(ရုံးချုပ်)မှ ယနေ့တွင် မော်တော်ယာဉ် ၁၂စီးဖြင့် လပွတ္တာမြို့သို့လည်းကောင်း၊ မော်တော်ယာဉ် ငါးစီးဖြင့် ဒေးဒရဲမြို့သို့လည်းကောင်း၊ မော်တော်ယာဉ်နှစ်စီးဖြင့် မြောင်းမြမြို့သို့လည်းကောင်း အသီးသီးထွက်ခွာသွားကြသည်။

တင်ဆောင်

ယနေ့ထွက်ခွာသွားသည့် မော်တော်ယာဉ်များပေါ်တွင် သွပ်နှင့် အိမ်ဆောက်ပစ္စည်းများ၊ စောင်၊ ဒန်အိုး၊ စားသောက်ကုန်များ၊ ရေသန့်၊ ဆီနှင့် မီးချောင်းများ စသည့် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အစားအစာများ ချက်ပြုတ်စီစဉ်ပေး

မေ ၁၈ရက်က ဧရာဝတီတိုင်း မအူပင်မြို့နယ် လေဘေးကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအတွက် အစားအစာများကို ချက်ပြုတ်စီစဉ်ပေးကြစဉ်။

(သတင်းစဉ်)